ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ အင်္ဂါနေ့ (10-8-2010) (၆၄၈၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ရှမ်းရိုးမ မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် သီပေါတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကလောမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုရှိ တည်ထောင်ဆဲ ရှမ်းရိုးမ မွေးမြူရေးဇုန်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန်ခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ရှမ်းရိုးမ မွေးမြူရေးဇုန် ဖော်ထုတ်ရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ရှမ်းရိုးမမွေးမြူရေးဇုန် အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းအလိုက် ဆောင်ရွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သီပေါတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၉-၈-၂၀၁၀)

ရွှေကျင်	၃ ဒသမ ၂၇ လက်မ
ကိုကိုးကျွန်း	၂ ဒသမ ၄၈ လက်မ
သထုံ	၂ ဒသမ ၄၄ လက်မ
ရေး	၂ ဒသမ ၃၂ လက်မ
ဘီးလင်း	၂ ဒသမ ၃၂ လက်မ
ဝေါ	၂ ဒသမ ၀၅ လက်မ

ယနေ့ ကြေးမုံ ဆောင်းပါး အညွှန်း

အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး နီးသည်ထက် နီးလာပါပြီ။ ဒီလို နီးလာလေလေ ဒီပွဲကြီး အောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အောင်အောင်မြင်မြင် ဝင့်ဝင့်ကြွားကြွား ပေါ်ပေါက်လာမှာကို လုံးဝ မတွေ့လို၊ မမြင်လို၊ မဖြစ်စေလိုကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ အနောက်အုပ်စုတွေက ဆန့်ကျင်ဘက်သတင်းဌာနတွေရဲ့ မီဒီယာအားကိုသုံးပြီး အစွမ်းကုန် ပိုပိုပြီး ဖျက်လိုဖျက်ဆီး လုပ်လာလေလေပါပဲ။ ဒါကို ကျွန်တော်တို့ သတိပြုကြရပါမယ်။ သို့သော် ကျွန်တော်တို့သာ သတိရှိမယ်ဆိုရင် ဘာမှစိတ်ပူစရာ၊ စိုးရိမ်စရာမရှိပါဘူး။ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ လိမ့်လုံးညာလုံးတွေ၊ ဖြီးလုံးဖြန်းလုံးတွေမှန်း နားလည်သဘောပေါက်ထားပြီဆိုရင် သူတို့ ဘာမှမတတ်နိုင်ပါဘူး။ လေထဲကလာတဲ့ မုသာဝါဒဟာ လေထဲမှာပဲ ပျောက်သွားမှာ မုချပါပဲ။

မန်းသာစိန်(ဖာပွန်) ၏ "အလိမ်အညာလှိုင်းကို ရှောင်ကွင်းချီတက် ခရီးဆက်မည်" (ဆောင်းပါး) စာမျက်နှာ - ၈၉

၁၀-၈-၂၀၁၀

(အင်္ဂါနေ့)

တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထား အသည်းရောင်အသားဝါရောဂါဖြစ်မှု သတိပြု

ကျန်းမာကြံ့ခိုင် အသက်ရှည်ရေးသည် လူတိုင်းဂရုပြုကြရမည့် အချက်ဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာ သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိသုံးစွဲရေးလုပ်ငန်းများတွင် လူတိုင်းပါဝင်လှုပ်ရှားကြရမည့်အပြင် သတိပေး နှိုးဆော်ချက်များကိုလည်း လိုက်နာကြရမည်ဖြစ်သည်။

ကြိုတင်ကာကွယ် သတိပြုသင့်သည့်ရောဂါတစ်ခုမှာ အသည်းရောင်အသားဝါရောဂါဖြစ်သည်။ အဆိုပါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်စ်ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့်ကိုယ်တွင်းအရည်များမှ တစ်ဆင့် ကူးစက်နိုင်သည်။ အရက်သောက်သုံးခြင်း၊ ဝမ်းကိုက်ပိုးနှင့် အခြားအကြောင်းများကြောင့်လည်း ဖြစ်တတ်ကြောင်းသိရသည်။

အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့ကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဂရုပြုကြရပေမည်။ လိင်ဆက်ဆံရာမှ ကူးစက်တတ်သည့်အပြင် အပ်စိုက် ဆေးထိုးဆေးသွင်းခြင်း၊ သွေးသွင်းခြင်းတို့မှလည်း ရောဂါပိုးကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များ အသုံးပြုခြင်း၊ သန့်ရှင်းသောသွေးရရှိရေး သတိပြုကြရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် ကြွက်မှလူသို့ ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါသည် ကြွက်နှင့်တကွ ကျွဲ၊ နွား၊ မြင်း၊ ဝက်၊ ခွေးတို့၏ ကျင်ငယ်ရည်များ၊ အစားအသောက်၊ သောက်သုံးရေ၊ မြေကြီးတို့မှတစ်ဆင့် ထိတွေ့မိသူများကို ကူးစက်ဖြစ်ပွားစေသည်။ ယင်းတို့ကြောင့် အသည်းရောင်အသားဝါရောဂါ မဖြစ်ပွားစေရန် ရေကို ကျိုချက် သောက်သုံးကြပြီး အစားအသောက်နှင့် ပန်းကန်ခွက်ယောက်များကို ဖုံးအုပ်ထားရှိရမည့်အပြင် ကြွက်နှိမ်နင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကိုလည်း မပြတ်ဆောင်ရွက်ကြရပေမည်။

အသည်းရောင်အသားဝါရောဂါဖြစ်ပွားလျှင် ဖျားခြင်း၊ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ ကိုက်ခဲနာကျင်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးနီရဲရောင်ရမ်းခြင်းနှင့် ဗိုက်အောင့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ အချိန်မီ ကုသမှုမပြုပါက ကျောက်ကပ်ပျက်စီးခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းနှင့် အသည်းပျက်စီးခြင်းတို့ ဖြစ်ပွားပြီး အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

သို့ဖြစ်၍လူတိုင်းလူတိုင်း တစ်ကိုယ်ရေသန့်ရှင်းမှုကို အစဉ်ဂရုပြုပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျ စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းနှင့် ကျန်းမာရေးသတိပေးနှိုးဆော်ချက်များနှင့်အညီစနစ်တကျလိုက်နာနေထိုင်ဆောင်ရွက်ကြခြင်းဖြင့် အသည်းရောင်အသားဝါရောဂါအပါအဝင် အခြားသောကူးစက် ရောဂါများဖြစ်ပွားခြင်းတို့မှ ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဂုဏ်ထူးရ ကျောင်းများမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရကျောင်းများမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးကအမှာစကားပြောကြားပြီး ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရကျောင်းများအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းမှူးက အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် မြောင်းမြခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရကျောင်းများမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ထူးရကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် မြောင်းမြမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိစစ်သည်၊ အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးနိုင် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်သည် ဩဂုတ် ၆ရက်တွင် ရန်ကုန်မြို့ရှိ ဧည့်လမ်းညွှန်သင်တန်းကျောင်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ၊ ခရီးသွားလုပ်ငန်းဌာန၊ ပို့ဆောင်ရေးဌာနခွဲ၊ သိုလှောင်ရုံနှင့် မော်တော်ယာဉ်ဌာနခွဲ၊ ယမကာလုပ်ငန်း ဌာနခွဲများမှ အရာထမ်းများ၊ အမှုထမ်းများအား တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပခုက္ကူမြို့ မြို့မလမ်းရှိ အထွေထွေရောဂါကုဆေးရုံရှေ့ ရေမြောင်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ မြောင်းစာများ ဆယ်ယူလျက်ရှိရာ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ စေတနာဂုဏ် အဖြာဖြာ
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၈)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၈)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၆၉)**
၂၅။ Mini Series (အပိုင်း-၄)
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

စစ်ဆေးဆောင်ရွက်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ကမ်းသာဈေးကြီးအတွင်း ဈေးသည်များ အလေးချိန်ခွင် မှန်ကန်စွာ ရောင်းချစေရေးအတွက် ဩဂုတ် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးသီဟထွန်း၊ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်စိုးနှင့် ဈေးကော်မတီဝင်များ ပူးပေါင်း၍ အလေးချိန်ခွင်များအား အဖွဲ့ပိုင်သမာဓိချိန်ခွင် (ဒစ်ဂျစ်တယ်ကတ္တား)ဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်စဉ်။ (၃၈၃)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၉

'လိုင်စင်မဲ့ကား အခွန်ဆောင်မှာလား၊ မြဝတီမှာ လိုင်စင်မဲ့ကား အခွန်ဆောင်လို့ မရတော့ဘူးနော်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၄၀)ကို ယနေ့ဖြန့်ချိလိုက်သည်။

မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းကြေညာချက်နှင့် ပတ်သက်၍ မျိုးစန္ဒီကျော်မှ ပြန်လည်ဖြေရှင်းပြောကြား၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဖုန်းလိုင်းပေါင်း လေးသိန်း ထပ်မံတပ်ဆင်မည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကြိုးဖုန်း(လိုင်းဖုန်း)များ တစ်ပတ်အတွင်း တပ်ဆင်ပေးနေ၊ နေနဲ့လ၊ ရွှေနဲ့မြကဲ့သို့ လိုက်ဖက်တဲ့သူတို့ ၂၀၁၁ ဇန်နဝါရီလမှာ စုလျားရစ်ပတ်လက်ထပ်တော့မယ်၊ ပင်လယ်ဓားပြများ ဖမ်းဆီးခဲ့ရပုံနှင့် ပတ်သက်၍ UBT Ocean မှ ဒုတိယအင်ဂျင်နီယာ ဦးတင်ဟန်က ရှင်းလင်းပြောကြား၊ Asean Energy Award ဆုရကောင်းကျော်စေ ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၀ အတွင်း မထသမှ City Bus အစီးရေ ၃၀၀ တင်သွင်းရန်ရှိ၊ အိန္ဒိယရှိ TATA Motors ကုမ္ပဏီနှင့် ပူးပေါင်း၍ ဆလွန်းကားများ ထုတ်လုပ်မည်၊ ဝါကာ ဝါကာ မေခလာကြော်ငြာကြေညာ၊ စပွန်ဆာတွေကို အသိလေးနဲ့ နေစေလို၊ မြန်မာအင်ဂျင်နီယာများ တည်ဆောက်သည့် တန် ၁၀၀၀ သင်္ဘောရေချတော့မည်၊ မြန်မာအပါအဝင် အာရှရှစ်နိုင်ငံသို့ လောင်စာ စွမ်းအင်ချွေတာသည့် နည်းပညာနှင့် စက်ကိရိယာပစ္စည်းများ ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့သွားမည် မြဝတီမြို့တွင် ဗုံးပေါက်၍ လူနှစ်ဦးသေဆုံး၊ တရုတ်နိုင်ငံ ဒုံးပျံသစ်များက အမေရိကန်ကို စိန်ခေါ်နေ၊ လေဆာရောင်ခြည်နှင့် အလင်းစနစ်ပေါင်းစပ်တီထွင်ထားသည့် အဝေးကြည့်မှန်ပြောင်း အရီဇိုးနားတက္ကသိုလ်က အောင်မြင်စွာတီထွင်၊ ၂၀၀၈ ခုနှစ်မှ Wikileaks ဝက်ဘ်ဆိုက် အထောက်အထားများအား ဖျက်ဆီးရန် အမေရိကန်ထောက်လှမ်းရေးကြံစည်၊ အီရန်နိုင်ငံနှင့် စစ်ပွဲဖြစ်ပွားရန် သတင်းများ ထွက်ပေါ်လာစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

ကျောက်မီးသွေး ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆို

နေပြည်တော် ဩဂုတ် ၉

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တကောင်းတောင်နီကယ်သတ္တုတွင်းအား အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar CNMC Nickel Co.,Ltd. နှင့် ထူးဟန်သစ် ကုမ္ပဏီလီမိတက်တို့၏ ကျောက်မီးသွေးဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ဩဂုတ် ၇ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် Presidential Suite ခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာနအမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်၊ Myanmar CNMC Nickel Co., Ltd. မန်နေဂျင်းဒါရိုက်တာ၊ထူးဟန်သစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး Myanmar CNMC Nickel Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Xlaowei နှင့် ထူးဟန်သစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထင်လင်းကျော်တို့က သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြ၍ အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ပြီးစီးမှု၊ ရေနှင့်လျှပ်စစ်မီးရရှိမှု အခြေအနေ၊ လက်ရှိဆောက်လုပ်မွေးမြူပြီး အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ရှမ်းရိုးမမွေးမြူရေးဇုန်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အသေးစိတ်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး ကိုက်ညီမျှတအောင် ဆောင်ရွက်ရေး၊ မွေးမြူရေးအစာကုန်ကြမ်းများ ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ရေး၊ နို့နှင့် နို့ထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်လုပ်နိုင်စေရေး၊ အသားထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခေတ်မီမွေးမြူရေး နည်းပညာရပ်များကို စနစ်တကျ အသုံးချမွေးမြူရေး၊ မွေးမြူရေးခြံများအတွင်း ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် ဒေသတွင်းလုံလောက်စွာ စားသုံးနိုင်သည်အထိ ထုတ်လုပ်ပေးနိုင်သော မွေးမြူရေးဇုန်ကြီးတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရန် ပျိုးထောင်ထားသည့် စားကျက်နမူနာမြက်စိုက်ခင်း၊တိရစ္ဆာန်အစာ ဘောစကိုင်းပင်များနှင့် ချယ်ရီပင်၊ ထင်းရှူးပင်၊ စိန်ပန်းပြာပင်၊ ခါတော်မီပင်နှင့် အရိပ်ရနေကာ လေကာပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဦးစိုင်းလုံ၏ Neobrown

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုရှိ ရှမ်းရိုးမ မွေးမြူရေးဇုန် ရှုရပ်ကုန်းမြင့်မှ ဇုန်အတွင်းမွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြက်မွေးမြူရေးခြံကို လည်းကောင်း၊ ဦးကွတ်ချိန်၏ လပြည့်ဝန်းရတနာအောင် နွားမွေးမြူရေးခြံကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှမ်းရိုးမမွေးမြူရေးဇုန် ရှုရပ်ကုန်းမြင့်မှနေ၍ ဇုန်အတွင်း မွေးမြူရေးခြံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ကုန်းမြင့်(၁) စိုက်ပျိုးရေးဇုန်၌ စိုက်ပျိုးထားသော တစ်ရှူးငှက်ပျော စမ်းသပ်စိုက်ခင်း တစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဟဲဟိုးမြို့မှ ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ သီပေါတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က သီပေါတံတား တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်သည့် နေရာ၌ အောက်ခံကျောက် မြေသားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်း ပြည့်ဝအောင် ဆောင်ရွက်ရေး၊ ဤလမ်းမကြီးသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိက လမ်းမကြီးဖြစ်၍ လုပ်ငန်းအဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးမှုများကို အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဒုဋ္ဌဝတီမြစ်ကူး ပွန်တွန်းတံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

သီပေါတံတားသည် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအုတ်မြစ်ကို လွန်တူး သံကူကွန်ကရစ်ဘိုးပိုင်ဖြင့် ဆောက်လုပ်ထားသည်။ တံတားအရှည်မှာ ၅၆၉ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ငါးပေစီ အပါအဝင် တံတားအကျယ်မှာ ၃၈ ပေ ရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ပြီး တံတားတည်ဆောက်မှုအနေဖြင့် လုပ်ငန်းစီမံကိန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘစ်အမ်ဂရုဆားဗစ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးထားသည့် နဂါးမောက် ၁၀ ဧက စိုက်ခင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ကုန်းမြင့်(၁) စိုက်ပျိုးရေးဇုန်၌ စိုက်ပျိုးထားသော တစ်ရှူးငှက်ပျော စမ်းသပ်စိုက်ခင်း တစ်ဧက စိုက်ပျိုးထားရှိမှုကို ဝင်ရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် တန့်ယန်းဒေသမှ ထွက်ရှိသော အဆင့်မြင့်လက်ဖက်ထွက်ကုန်ပစ္စည်းများဖြစ်သည့် လက်ဖက်အချိုခြောက်၊ သဘာဝ အလှော်ခြောက်နှင့် အဆင့်မြင့်လှော်သင်းမွှေးတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နဂါးမောက် (၁၀)ဧက စိုက်ခင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဘစ်အမ်ဂရု ဆားဗစ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးထားသည့် နဂါးမောက်(၁၀)ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဂါဇာကမ်းမြောင်တွင် နေထိုင်သူများ လျှပ်စစ်မီးမရသဖြင့် မီးစက်များကို အသုံးပြုရန် ပြင်ဆင်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံများ၌ အရေးပေါ်အခြေအနေ ကြေညာ

ဂါဇာစီးတီး သြဂုတ် ၉

ဂါဇာကမ်းမြောင်ဒေသ၌ စက်မှုဆိုင်ရာ လုပ်ငန်းသုံး ဒီဇယ်ဆီရှားပါး ပြတ်လပ်သဖြင့် အဓိက အကျဆုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စနေနေ့ ညပိုင်းက ပိတ်လိုက်ရသည့်အတွက် ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံများတွင် အရေးပေါ်ကြေညာခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ကလေးဆေးရုံများ၊ သားဖွားခန်းများ၊ ကျောက်ကပ်ရောဂါကုသဆောင်များ၊ ကလေးသူငယ်များ နေ့ကလေးထိန်းကျောင်းနှင့် အထူးကြပ်မတ်ဆောင်များတွင် တစ်နေ့လျှင် ရှစ်နာရီမှ ၁၂ နာရီမီးပြတ်တောက်မှုကို ဆိုးရွားစွာကြုံတွေ့နေရကြောင်း ဂါဇာရှိအရေးပေါ်ဌာနမှ အကြီးအကဲ မိုအဝီယာဟက်ဆာနိမ်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အချိန်ပို၍ ကြာမြင့်လာမှုကြောင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် အကျပ်အတည်းများနှင့် ကြုံတွေ့နေရခြင်း၊ ဆေးဝါးကုသမှုဆိုင်ရာ ဆေးရုံဆေးခန်းများတွင် ဒုက္ခရောက်ရခြင်းများ ဖြစ်ပွားနေရကြောင်း ဂျာမန်သတင်းဌာန ဒီပီအေက ဟက်ဆာနိမ်း၏ ပြောကြားချက်ကို ကိုးကားရေးသားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူ ၇၀၀၀၀၀ ကျော်သည် လျှပ်စစ်မီးမရရှိကြဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်သမားဟု သံသယရှိသူငါးဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီး

ဂျကာတာ သြဂုတ် ၉

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် အကြမ်းဖက်သမားဟု ယူဆရသူငါးဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အက်ဒဝပ်အရီတိုနမ်က ယနေ့ ပြောကြားသည်။

အကြမ်းဖက်သမားဟု ယူဆရသူငါးဦးကို ရုတ်တရက်ဝင်ရောက်ဖမ်းဆီးစဉ်က ၎င်းတို့ထံမှ ဖောက်ခွဲရေးကိရိယာများကို သိမ်းဆည်းနိုင်ခဲ့ကြောင်း အရီတိုနမ်က ဆင်ဟွာသတင်းဌာနသို့ ရဲတပ်ဖွဲ့က တယ်လီဖုန်းဖြင့် သတင်းပေးခဲ့သည်။

စနေနေ့က ဘူဘန်းခရိုင်နှင့် ပြည်နယ်မြို့တော်ဘန်ဒန်းတို့တွင် လေးကြိမ်တိုင်တိုင် မွှေနှောက်ရှာဖွေပြီးမှ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်ကတည်းက ဘုရားရှိခိုးကျောင်းများတွင် ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဘာလီရှိ ညကလပ်များတွင် အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများ အပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကို ခံစားခဲ့ရသည်။ မကြာသေးမီကလည်း ဂျကာတာရှိ ဇိမ်ခံဟိုတယ်များတွင် ဗုံးခွဲတိုက်ခိုက်သောကြောင့် လူ ၂၅၀ ကျော် သေဆုံးခဲ့ရသည်ဟုဆိုသည်။

တစ်နိုင်ငံလုံးရှိ စစ်သွေးကြွကွန်ရက်များကို ချေမှုန်းလျက်ရှိသည်။ အရှင်သို့မဟုတ် အသေ ဖမ်းမိသော စစ်သွေးကြွများ၏ အရေအတွက်နှင့် အကြမ်းဖက်သမားများဟု သံသယရှိသူများကို ဖမ်းဆီးကာ တရားခွင်သို့ ပို့ဆောင်ခဲ့သည့် အရေအတွက်တို့မှာလည်း များပြားလာလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဏုမြူဗုံးဒဏ်ခံခဲ့ရမှု အထိမ်းအမှတ် အခမ်းအနား ဂျပန်နိုင်ငံ နာဂါဆာကီမြို့၌ ကျင်းပ

တိုကျို သြဂုတ် ၉

အမေရိကန်အဏုမြူဗုံးဒဏ်ခံခဲ့ရမှု(၆၅)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် သြဂုတ် ၉ ရက်က ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ပထမဆုံးအကြိမ် တက်ရောက်သည်။

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် အဏုမြူဗုံး ကျရောက်ပေါက်ကွဲခဲ့ပြီးနောက် သုံးရက်အကြာတွင် အဏုမြူဗုံးဒဏ်ကို နာဂါဆာကီမြို့ ခံစားခဲ့ရသည်။

နာဂါဆာကီတွင်ကျင်းပသော နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ အမေရိကန်ကိုယ်စားလှယ် တက်ရောက်ခြင်းမရှိပေ။ သို့ရာတွင် သြဂုတ် ၆ ရက်က ကျင်းပသော ဟီရိုရှီးမားနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး တက်ရောက်ခဲ့သည်။

ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကာလက အမေရိကန်၏ မဟာမိတ်နိုင်ငံများ ဖြစ်ခဲ့ကြသည်။ အဆိုပါ နှစ်နိုင်ငံစလုံးသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည်ဟု ထုတ်ပြန်ကြေညာခဲ့သော နိုင်ငံများဖြစ်ကြသည်။

နျူကလီးယားဗုံးဒဏ်ကို ခံခဲ့ရသည့် တစ်နိုင်ငံတည်းသော ကမ္ဘာ့နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် နျူကလီးယား လက်နက်ဖျက်သိမ်းရေးလုပ်ငန်း၌ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နာအိုတိုးခန်က ပြောကြားသည်။

အဏုမြူဗုံးကျရောက်ပေါက်ကွဲခဲ့သော အချိန်ဖြစ်သည့် နံနက် ၁၁ နာရီ ၀၂ မိနစ်တွင် အခမ်းအနား တက်ရောက်လာသူများက ငြိမ်သက်စွာဖြင့် ဆုတောင်းမေတ္တာ ပို့သခဲ့ကြသည်။

နျူကလီးယားလက်နက်ဖျက်သိမ်းရေးလုပ်ငန်း၌ ကမ္ဘာ့နိုင်ငံများလက်တွဲပါဝင်ကြရန် နာဂါဆာကီမြို့တော်ဝန် တိုမီဟီဆာတာအူးက တိုက်တွန်းသည်။

၁၉၄၅ ခုနှစ် သြဂုတ် ၉ ရက်တွင် နာဂါဆာကီမြို့သူ၊ မြို့သားများ အဏုမြူဗုံးဒဏ်ကိုခံစားခဲ့ရသည်။ အဏုမြူဗုံးပေါက်ကွဲမှုကြောင့် ချက်ချင်းနှင့်ရက်ပိုင်းအတွင်း လူပေါင်း ၇၀၀၀၀ကျော်သေဆုံးခဲ့သည်။

အင်တာနက်။

နာဂါဆာကီမြို့ကို အဏုမြူဗုံးကြဲချသည့် (၆၅)နှစ်မြောက် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်လာကြသူများတွင် ကလေးငယ်တစ်ဦး ပါဝင်ဆုတောင်းနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် တိုက်ပွဲဖြစ် ပီကေကေသူပုန်ငါးဦး သေဆုံး

အင်ကာရာ သြဂုတ် ၉

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် မတရားအသင်းဟု ကြေညာထားခြင်းခံရသော ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)အဖွဲ့ဝင်များနှင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ၍ ကာ့ဒ်သူပုန်ငါးဦး သေဆုံးခဲ့ကြောင်း တနင်္လာနေ့တွင် တရားဝင်သတင်းထုတ်ပြန်သည်။

တနင်္ဂနွေနေ့နှောင်းပိုင်းက ဘက်တ်မန်းပြည်နယ် ဘီဆီရီမြို့၏ ကျေးလက်ဒေသတွင် အဆိုပါတိုက်ပွဲ ဖြစ်ပွားခြင်းဖြစ်သည်။ ကာ့ဒ်သူပုန်တပ်ဖွဲ့မှ အမျိုးသမီးတစ်ဦးအပါအဝင် ငါးဦးသေဆုံးသည်။ တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသည်ဟု ဘက်တ်မန်းပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ ကြေညာချက်ထုတ်ပြန်သည်။

တိုက်ပွဲဖြစ်ပွားစဉ် ကာ့ဒ်သူပုန်များထံမှ လက်နက်များ သိမ်းဆည်းရမိသည်ဟုဆိုသည်။

တူရကီအစိုးရနှင့် ပီကေကေသူပုန်များအကြားဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် ၁၉၈၄ ခုနှစ်မှစ၍ ယခုအချိန်အထိ သေဆုံးသူပေါင်း ၄၀၀၀၀ ရှိပြီဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဥရောပအလယ်ပိုင်းတွင် ရေလွှမ်းမိုး နေအိမ်များသန့်ရှင်းရေးလုပ်ရန်ပြင်ဆင်

ဝါဆော သြဂုတ် ၉

ဥရောပအလယ်ပိုင်းနှင့် ဘောလ်တစ်ဒေသတို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိသူများက သြဂုတ် ၉ ရက်တွင် ပြောကြားသည်။

ချက်သမ္မတနိုင်ငံ၊ ပိုလန်နှင့် ဂျာမနီနိုင်ငံဒေသများ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

ပြင်ဆင်နေ

သြဂုတ် ၉ ရက်တွင် ရေကျဆင်းသွားပြီဖြစ်ရာ ပြည်သူများမှာ ၎င်းတို့နေထိုင်ရာမြို့များနှင့် ၎င်းတို့၏ နေအိမ်များကို သန့်ရှင်းရေးလုပ်ဆောင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။

မြစ်ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး မြို့ငယ်များနှင့် ကျေးရွာများ ရေနစ်မြုပ်နေဆဲဖြစ်သည်။

ရေဘေးဒဏ်ကို အဆိုးရွားဆုံးတွေ့ကြုံရသည့်မြို့မှာ ပိုလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘိုဂါတီးနီးယားမြို့ဖြစ်သည်။ ယင်းမြို့သည် ချက်သမ္မတနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ တည်ရှိသည်။

ဂျာမနီနိုင်ငံတွင်မူ ဆက်ဆွန်နီပြည်နယ်၌ ရေဘေးဒဏ်ကို ခါးစည်းခံခဲ့ရသည်။ ပိုလန်နိုင်ငံနှင့်ထိစပ်နေသော နစ်ဆီမြစ်ကမ်းနံဘေးတွင် ယင်းပြည်နယ် တည်ရှိသည်။

နစ်ဆီမြစ်သည် ပုံမှန်ရေအမှတ်အထက် ၄ ဒသမ ၅ မီတာအထိမြင့်တက်လျက်ရှိသည်။ မြစ်ရေကြီးမှုကြောင့် လူပေါင်း ၁၄၀၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ရေလွှမ်းမိုးခဲ့သည့် ချက်သမ္မတနိုင်ငံတွင် ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တပ်မတော်သားများ ပါဝင်ကူညီလျက်ရှိသည်။

ယင်းနိုင်ငံတွင် နေအိမ်များနှင့် တံတားများပျက်စီးခဲ့ရပြီး ရေဘေးကြောင့် ကိုရူနာ ၄ ဘီလီယံ (ဒေါ်လာ ၂၁၅ သန်း) ဖိုး ဆုံးရှုံးခဲ့ရသည်။

အင်တာနက်။

ဂျာမနီနိုင်ငံနှင့် ပိုလန်နိုင်ငံအကြား နယ်စပ်ဒေသတွင် နစ်ဆီမြစ်ရေကြီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူး သြဂုတ် ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တစ်နေ့တခြားများပြားလာလျက်ရှိရာ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။

အဆိုပါတပ်ဖွဲ့ဝင်သည် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တနင်္လာနေ့က သေဆုံးခဲ့သည်ဟု အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။

၎င်းတပ်ဖွဲ့ဝင်သေဆုံးမှုနှင့် ပတ်သက်သော အသေးစိတ်သတင်းနှင့် မည်သည့်နိုင်ငံသားဖြစ်ကြောင်းကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုချေ။

စစ်ကြောင့် ဒုက္ခကြီးစွာရောက်နေရသော အာဖဂန်နိုင်ငံတွင် လွန်ခဲ့သောနှစ်ရက်အတွင်း သေဆုံးသော အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်သည် ယခုသေဆုံးသူအပါအဝင် ၁၁ ဦးအထိ ရှိသွားပြီဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ(၁/၂၀၁၀)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ(၁/၂၀၁၀) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ(၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များ ကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်သည်။

အစည်းအဝေးသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါက်တာတိုးလှ၊ ရှေးဟောင်းသုတေသန ပညာရှင် ဒေါက်တာ မျိုးသန့်တင်၊ ရုပ်သေးပညာရှင် ဦးရဲဒွေး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင် (ပန်းချီလှတင်ထွန်း)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဒေါ်ခင်လှဌေး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အစည်းအဝေး၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တို့ရှိ သင်ကြားရေးဆိုင်ရာနှင့် စီမံရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဝင် ပြန်လည်

ဖွဲ့စည်းသည့် အဖွဲ့ဝင်အဆိုပြုစာရင်းများကိုအတည်ပြုရေး၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်မဟာ ဝိဇ္ဇာဘွဲ့ အပ်နှင်းရေးနှင့် အရည်အချင်းသတ်မှတ်ချက်အတည်ပြုရေး၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ဂုဏ်ထူးတန်းဖွင့်လှစ် နိုင်ရေး၊ ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အတည်ပြုရေး၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဘွဲ့ကြို သုံးနှစ်သင်တန်း၏ တတိယနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ဖြည့်စွက်ပြင်ဆင်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ အပ်နှင်းခဲ့သည့် ဘွဲ့ရစာရင်းများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ၊ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ၊ဘွဲ့လွန်အနုပညာဒီပလိုမာ၊ အနုပညာကွန်ပျူတာဒီပလိုမာများကို အတည်ပြုရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KMD Amazing Sales Road Show ကျင်းပမည်

နေပြည်တော် ဩဂုတ် ၉

KMD ၏ Amazing Sales Road Showကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင်ရှိသော KMD Sales Show Room အားလုံး၌ ဩဂုတ် ၁၂ရက်မှ ၁၅ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ထိုပွဲတွင် အံ့ဩဖွယ်ကောင်းသော ဈေးနှုန်းများဖြင့် ရောင်းချပေးမည့် Amazing Sales အစီအစဉ်ဝယ်ယူလိုသူများ ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်သည့် Clearance Sales အစီအစဉ်၊ မိသားစုသုံးနှင့် ရုံးလုပ်ငန်းများအတွက် အထူးသင့်လျော်သော အကောင်းဆုံးဈေးဖြင့် ရောင်းချပေးမည့် Best Buy Desktop Computer၊ Keyboard, Mouse, Speakers, External HDD, UPS, Printer, DVD Writerနှင့် အခြား ကွန်ပျူတာဆက်စပ်ပစ္စည်းများကို အနည်းဆုံး ငါးရာခိုင်နှုန်းမှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရောင်းချပေးမည့် Up to 50% off အစီအစဉ်စသော အထူးအစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အထူးဈေးနှုန်း

Notebook Computerများ ဝယ်လိုအားများလာသည်နှင့်အညီ Notebook များကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ဈေးနှုန်းအချိုသာဆုံး Branded Netbook ဖြစ်သော Prolink Netbook မော်ဒယ်အသစ် Glee-UW2 Netbook ကို မိသားစုတိုင်း ကွန်ပျူတာသုံးစွဲနိုင်ရန် ရည်ရွယ်၍ ငွေကျပ် ၂၉၀၀၀၀ကျော်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊နိုင်ငံတကာသို့ ကျောင်းသွားတက်ကြမည့် သူများအတွက် လိုင်စင် Windows 7 Operation System၊G310M Graphic Card တို့ ပါဝင်သော်လည်း ငွေကျပ် ၅၉၀၀၀၀ ကျော်ဖြင့် ရောင်းချပေးမည့် Samsung R430E Notebook ကိုလည်း ရောင်းချပေးမည်ဖြစ်ကြောင်း၊ Notebook ကွန်ပျူတာဝယ်ယူမှု၏ ၆၀ရာခိုင်နှုန်းမှာ ငွေကျပ်ငါးသိန်းဝန်းကျင် Notebook များဖြစ်ရာ ငွေကျပ် ၄၈၀၀၀၀ တန် Lenovo G450L Notebook၊ ငွေကျပ် ၅၃၀၀၀၀ တန် Acer 4741 Corei3 Notebook တို့အပြင် အခြား Notebook မော်ဒယ်အစုံကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ Clearance Sales အစီအစဉ်တွင် Compaq C510 (Core 2Duo 2 GHz, 1GB RAM, 250GB HDD, 14" LCD)၊ Acer 4740 (Corei3 2.13 GHz, 1GB DDR3, 320GB HDD)တို့ကို မူရင်းရောင်းဈေးအောက်သိသာစွာလျှော့၍ ရောင်းချပေးမည်ဖြစ်ပြီး ကန့်သတ်အလုံးအရေအတွက်ဖြစ်သောကြောင့် ဝယ်ယူလိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း၊ Road Show နောက်ဆုံးနေ့တွင် ကြိုတင်စာရင်း ပေးထားသူများထဲမှ မဲနှိုက်ရွေးချယ်၍ မဲပေါက်သူများကိုသာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

KMD Sales & Service Centre သည် ၁၉၉၈ ခုနှစ်မှစတင်၍ နိုင်ငံတစ်ဝန်း ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသော Centre တစ်ခုဖြစ်သည်။ အသေးစိတ်သိရှိလိုပါက KMD Sales & Service Centre (ရန်ကုန်)ဖုန်း-၂၄၅၁၈၀၊ ၃၈၅၀၇၇နှင့် ၅၀၃၅၂၂၊ (မန္တလေး) ဖုန်း-၀၂-၆၀၃၆၀နှင့် ၆၀၂၃၉၊ (နေပြည်တော်) ဖုန်း-၀၆၇-၄၂၀၇၉၀နှင့် ၄၂၁၃၄၉တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အိမ်ရာဒီဇိုင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

မလေးရှားနိုင်ငံအခြေစိုက် ASEAN Academy of Engineering and Technology (AAET)အဖွဲ့ကကြီးမှူး၍ ဝင်ငွေနည်းအများပြည်သူ လက်လှမ်းမီပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် တန်ဖိုးနည်း နေအိမ်စိတ်ကူးဒီဇိုင်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေအိမ်ဒီဇိုင်းပြိုင်ပွဲတွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်နှင့် ဗိသုကာဘာသာရပ်အထူးပြု ဘွဲ့ရ/ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖြင့်သော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်သူသည် စက်တင်ဘာ ၇ ရက်တွင် အသက် ၃၀ ထက် မကျော်သူဖြစ်ရမည်။ ပြိုင်ပွဲဝင် စိတ်ကူးဒီဇိုင်းများကို Hard Copy, Soft Copy များဖြင့် စက်တင်ဘာ ၇ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်သည်။ကနဦးအကောင်းဆုံးဒီဇိုင်းသုံးခုကို စက်တင်ဘာ ၉ ရက်တွင် စိစစ်ရွေးချယ်ကြေညာပြီး AAETအဖွဲ့ဖြင့် နောက်ဆုံး ရွေးချယ်ခံရသော ဒီဇိုင်းများအား ပထမဆု USD၅၀၀၀၊ ဒုတိယဆု USD၃၀၀၀၊ တတိယဆု USD၂၀၀၀နှင့် နှစ်သိမ့်ဆု USD၁၀၀(ဆု ၃၀)ကို ချီးမြှင့်မည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆၊၀၉-၅၁၄၁၃၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နောက်ဆုံးရ နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်း

ပါကစ္စတန်တောင်ပိုင်းအထိ ရေဘေးခြိမ်းခြောက် ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၁၆၀၀ သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၉

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ရေဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခဲ့ရပြီးနောက် ယခုအခါ နိုင်ငံတောင်ပိုင်းဒေသများ၌ ရေဘေးအန္တရာယ်ခြိမ်းခြောက်လျက်ရှိရာ ဒေသခံပြည်သူများမှာ နေအိမ်များကို စွန့်ခွာကာ ထွက်ပြေးကြရကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

တူးမြောင်းများကျိုးပေါက်

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်နှင့် ဆင်းပြည်နယ်တို့ရှိ ခရိုင်များ၌ လမ်းများ၊ တံတားများနှင့် ရထားသံလမ်းများပေါ်တွင် ရေဘေးဒုက္ခသည်များ စခန်းချကာ နေထိုင်ကြရကြောင်း၊ ပန်ဂျပ်ပြည်နယ်ရှိ မူဇာဖာဂန်ဒေသ၌ တူးမြောင်းများ ကျိုးပေါက်ခဲ့ရာ ရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

စံချိန်တင်မြင့်တက်

ဆင်းပြည်နယ်ရှိ ဆူခါး ရေကာတာ၌ စိုးရိမ်ရေမှတ်အထိ ရေတက်နေပြီး ရေစီးအားမှာ တစ်စက္ကန့်လျှင် ၁ ဒသမ ၄ ကုဗမီတာအထိ စံချိန်တင်မြင့်တက်နေသည်။ အဆိုပါ ရေကာတာသည် ဆူခါးမြို့အနီးတွင်တည်ရှိပြီး အိန္ဒုမြစ်ကို ပိတ်ကာ တည်ဆောက်ထားသည်။

ဆူခါးရေကာတာသည် တစ်စက္ကန့်လျှင် ကုဗမီတာ ၉၀၀၀၀ ရှိ ရေစီးအားကိုသာ လက်ခံနိုင်စွမ်းရှိသည်။

ပါကစ္စတန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသော ရေဘေးဒဏ်ကြောင့် ပြည်သူ ၁၅ သန်းခန့်အထိ ထိခိုက်နေရသည်။ ယခုအချိန်အထိ ရေဘေးကြောင့် သေဆုံးရသူ ၁၆၀၀ ခန့်ရှိသည်ဟု သိရသည်။

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနေသော်လည်း နောက်ထပ် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုများဖြစ်ပွားကာ ကယ်ဆယ်ရေးလုပ်ငန်းများ အခက်အခဲများနှင့် တွေ့ကြုံနေသည်။

ဆွတ်တောင်ကြားဒေသရှိ နယ်မြေအချို့မှာ အခြားဒေသများနှင့် အဆက်အသွယ် ပြတ်တောက်နေပြီး ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်။

ကယ်ဆယ်ရေး လုပ်သားအချို့သည် လမ်းလျှောက်၍ တစ်မျိုး၊ မြည်းများကို စီး၍တစ်ဖုံ ယင်းဒေသသို့ ရောက်ရှိရန် ကြိုးပမ်းနေကြသည်။

ပါကစ္စတန်ရေဘေးအတွက်ထောက်ပံ့ကူညီနိုင်ရန် ဒေါ်လာငွေဘီလီပေါင်းများစွာ သုံးစွဲရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားသည်။

အလှူငွေလက်ခံ

ပါကစ္စတန် ရေဘေးကယ်ဆယ်ရေးကော်မတီကို ထူထောင်ထားပြီး အလှူငွေများကို လက်ခံလျက်ရှိသည်။

ဇူလိုင်လ နှောင်းပိုင်းမှစ၍ ရေလွှမ်းမှုများ ပေါ်ပေါက်ခဲ့ခြင်းမှာ မုတ်သုံမိုးစံချိန်တင်ရွာသွန်းမှုနှင့် ဆက်စပ်လျက်ရှိသည်။ ရေလွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဖိုးခန့်ဆုံးရှုံးရသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် မူဇာဖာဂန်မြို့၌ ရေဘေးဒဏ်ခံ မိသားစုတစ်စုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တနင်္သာရီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးမြင့်နိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒု-မဲရုံမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြား၍ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၈-၂၀၁၀ (အင်္ဂါနေ့) [၁၃၇၂ခုနှစ်၊ ဒုတိယဝါဆို လကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ နှောင်းခေတ်ပေဒေသာ
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၃၅ ၁၀။ Islands of Dhamma(2)
- ၈း၄၀ ၁၁။ ဘဒ္ဒန္တဇောတိပါလ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) နိုင်ငံတော် ဩဝါဒါစရိယတွဲဖက်ရွှေကျင် သာသနာပိုင်သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံ ပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၄)စမ်းချောင်း] (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက် မြက်ရေးတေးများ
- ၅း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၅း၁၀ ၇။ “ဝေဠုဝန်ခေါ် ရုပ်ပွားတော် ထင်ပေါ်ကျော်ကြားစစ်ကိုင်း ငါးထပ်ကြီးဘုရား”
- ၅း၂၀ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာဆန်သူ . . . ကိုယ့်ချစ်သူ” (အပိုင်း-၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မနေ့ကသည်နေ့နဲ့မနက်ဖြန် (အယ်လ်ဆိုင်းဇီ၊ သရုပ်ဆောင် နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက)
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အဆိပ်သင့်တဲ့အချစ်” (ဒုတိယတွဲ) (အပိုင်း-၁၇)**
- ၂၁။ **“ရုပ်ရှင်ပဟေဠိ”**
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Sheikh Ali Abdullah Al-Ahmed Al-Sabah တို့ မြန်မာ-ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တရားသူကြီးများသည် အမှုကိစ္စအားလုံးကို ဥပဒေနှင့်အညီ သမာသမတ်ကျကျ ဆုံးဖြတ် နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာရှိရှိ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

တရားသူကြီးချုပ်ဦးအောင်တိုးသည် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီတွင် တရားရုံးချုပ်(မန္တလေး) ရုံးခန်းအမှတ်(၁)၌ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယ တရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၊ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီးများနှင့် တရားစီရင်ရေးဆိုင်ရာ တွေ့ဆုံပွဲအခမ်းအနား ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းတရားသူကြီးနှင့် တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ကြသည်။

တရားသူကြီးချုပ်က အမှာစကားပြောကြားရာ၌ တရားစီရင်ရေးလုပ်ငန်းသည် ပြည်သူများနှင့် နေ့စဉ်နှင့်အမျှ တွေ့ဆုံဆက်ဆံရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသော အမှုကိစ္စများကို အမှားအမှန် အဆုံးအဖြတ်ပြုရသည့် လုပ်ငန်းဖြစ်သည့်အတွက် အမှုသည်များအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် အမှုကိစ္စအားလုံးကို ဥပဒေနှင့်အညီ သမာသမတ်ကျကျ ဆုံးဖြတ်ရန်လိုကြောင်း။

သစ္စာရှိရှိဆောင်ရွက်

တရားစီရင်ရေးလုပ်ငန်း မှန်မှန်နှင့်မြန်မြန် ပြီးပြတ်ရေးအတွက် တာဝန်ထမ်းဆောင်သူများသည် အရည်အချင်း တိုးတက်လာအောင် နေ့စဉ်နှင့်အမျှ လေ့လာကြိုးစားမှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်ပြည်သူများအပေါ် သစ္စာရှိရှိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူက ယုံကြည်လေးစားမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းအပေါ် အများပြည်သူက ယုံကြည်လေးစားမှုရှိ၊ မရှိ မိမိတို့ကိုယ်ကို မိမိတို့ ပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်း။

မှန်ကန်ထိရောက်သည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်အောင် တည်ဆောက်နေချိန်တွင် တရားစီရင်ရေးတာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များအနေဖြင့် သတ်မှတ်ထားသော ဥပဒေကျင့်စဉ်များနှင့်အညီ အထူးဂရုစိုက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရယူရန်လိုကြောင်းနှင့် မကြာမီကာလအတွင်း နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြောင်းလဲတည်ဆောက်သည့် လုပ်ငန်းတွင်လည်း တရားရေးဝန်ထမ်းများအနေဖြင့် ကျရာတာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ကူဝိတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကူဝိတ်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ပြီး ဩဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သော ကူဝိတ်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြသော မြန်မာ-ကူဝိတ် နှစ်နိုင်ငံပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး His Excellency Sheikh Ali Abdullah Al-Ahmed Al-Sabah တို့ ဦးဆောင်၍ ဩဂုတ် ၄ ရက်တွင် ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အမြင်ချင်းဖလှယ်

အဆိုပါဆွေးနွေးပွဲ၌ နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများသည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဒေသအတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ၌ အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအပါအဝင် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ကူဝိတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား ရှင်းလင်းပြောကြားခဲ့သည်။

တည်ခင်းဧည့်ခံ

အစည်းအဝေးအပြီးတွင် ကူဝိတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး His Excellency Sheikh Ali Abdullah Al- Ahmed Al-Sabah သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၃ ရက် ညနေပိုင်းတွင် ကူဝိတ်မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံရုံး ယာယီတာဝန်ခံ ဦးခင်မောင်လင်းနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားဘော်လီဘောပြိုင်ပွဲ(မန္တလေးဇုန်) ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၉

တက္ကသိုလ်၊ ဒီဂရီကောလိပ်များဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ(မန္တလေးဇုန်)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ပြိုင်ပွဲဝင်တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ဆုရအသင်းများအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး မြို့တော်ဝန်က နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် အကောင်းဆုံးကစားသမားဆုရရှိသူတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက ပထမဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးသည် ချမ်းအေးသာစံမြို့နယ် အားကစားခန်းမ၌ ကျင်းပသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တာဝန်ရှိသူတို့က ဆုရအသင်းများအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ဆုရအသင်းများအား ငွေသားဆုများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ(မန္တလေးဇုန်) ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်ကြည် ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၉

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဩဂုတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ချောင်းဝဌာနခွဲနှင့် ကတ္တားဌာနခွဲရှိ ပြည်တွင်း ကုန်တင်ကုန်ချ လုပ်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တာဝန်ရှိသူများအား လုပ်သားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကိစ္စရပ်များကိုမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဝဲပုံ)**

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးခန်းမ၌ ရန်ကုန်တိုင်းခြောက်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးများမှ မြို့နယ်ဦးစီးအရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စောင့်ရှောက်ရေးမှူးများ၊ လုပ်သားမှူးများ၊ လုပ်သားစုမှူးများနှင့် တွေ့ဆုံ၍ လုပ်သားများ၏ သက်သာချောင်ချိရေးကိစ္စများ ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီရိမင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင် မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော သီရိမင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်၌ ယာဉ်ရပ်နားရန် မြေနေရာအား ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုနှင့် Steel Structure အဆောက်အအုံဈေးရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေနေရာရှင်းလင်း

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်သော ဗိုလ်မြတ်ထွန်းလမ်းရှိ မြို့ဝင်ဆိုင်းဘုတ်မုခ်ဦး ပြောင်းရွှေ့ဆောက်လုပ်မည့် နေရာအနီး တစ်ဝိုက်အတွင်း မြေယာရှုခင်းအလှဆင်ရန် မြေနေရာရှင်းလင်းခြင်း၊ မြေပြင်မြေညှိဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းသီတာဦး ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာမှူး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ကိုရီးယား စီးပွားရေးသံမှူးတို့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်တို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Park Chulho သည် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ ကိုရီးယား-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် စပ်လျဉ်းသည့် ဖိုရမ် ကျင်းပရန်ကိစ္စနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၅ ရက်က သုံးခွမြို့ မြို့မဈေးအတွင်း ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေရရှိမှုအခြေအနေ၊ ဆိုင်ခန်းသုံးလျှပ်စစ်မီးနှင့် လုံခြုံရေးမီးများခွဲခြားသုံးစွဲမှုတို့ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အလိမ်အညာလှိုင်းကို ရှောင်ကွင်းချီတက် ခရီးဆက်မ

✦ VOA, BBC - ရန်တိုက်ပေးနေသည်။

✦ RFA,DVB- သွေးထိုးနေသည်။

✦ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒီသတိပေးစာတန်းလေးကို နေ့စဉ်ထုတ်သတင်းစာတွေမှာရော ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာပါ ဖော်ပြထုတ်လွှင့်နေတာကြာခဲ့ပါပြီ။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေရဲ့ မိုးလုံးပြည့်မုသာဝါဒမှိုင်းတွေကို သတိထားနိုင်ပြီး ပြည်သူတွေ အလိမ်အညာမမိစေဖို့ သက်ဆိုင်ရာက အမြဲမပြတ် သတိပေးနေခြင်းဖြစ်ပါတယ်။ ဒီလောက်တောင် အမြဲမပြတ်သတိပေးနေတဲ့ကြားက မိုးလုံးပြည့်မုသာဝါဒအသံလွှင့်ဌာနတွေရဲ့ လိမ်မှု၊ ညာမှု၊ သွေးထိုးမှု၊ အကောက်ကြံမှုတွေက လျော့သွားတယ်မရှိလှပါဘူး။ ဒီတော့လည်း ကျွန်တော်တို့ပြည်သူတွေ ပိုပြီးပိုပြီး သတိထားဆင်ခြင်ရှောင်ရှားကြရမှာပါ။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း အနောက်ပြည်ပအသံလွှင့်ဌာနတွေဟာ သတင်းမှန်၊ အဖြစ်အပျက်မှန်၊ အခြေအနေမှန်တွေကို ဇွတ်အတင်းမျက်ကွယ်ပြုပြီး မမှန်သတင်း၊ လုပ်ကြံသတင်း၊ လိမ်ညာဖန်တီး သပ်လျှိုတဲ့သတင်း၊ လီဆယ်မှိုင်းတိုက်တဲ့သတင်းတွေကို အဆက်မပြတ် ထုတ်လွှင့်နေပါတယ်။ ဒါတွေကို ၁၉၈၈ နောက်ပိုင်းကာလများကစပြီး တမင်ရည်ရွယ်ချက်ရှိရှိ တစိုက်မတ်မတ် လုပ်လာခဲ့တာပါ။ အဲဒီရည်ရွယ်ချက်ကတော့ ကျွန်တော်တို့တိုင်းပြည် ပြိုကွဲပျက်စီးဖို့၊ အချင်းချင်းသွေးကွဲပြီး ဟင်္သာကိုးသောင်းဇာတ်ခင်းစေဖို့၊ နောက်ဆုံး အပူလုံးကြွ ယူကျုံးမရ လူလုံးမလှဖြစ်ပြီး အနောက်ကိုလိုနီနယ်ချဲ့ လက်သစ်တွေရဲ့ လက်ဝေခံခေတ်သစ် ကိုလိုနီဘဝကျရောက်စေဖို့ဆိုတာ ကျွန်တော်တို့အားလုံး နားလည်ကြပြီးသားဖြစ်နေပါပြီ။

အဲဒီ အနောက်အသံလွှင့်ဌာနတွေရဲ့ ထပ်ထပ်ကြမ်းနေတဲ့ မုသာဝါဒလေလှိုင်းသံတွေကြားထဲမှာ အတော်ကို ရုပ်ပျက်ဆင်းပျက်နိုင်လှတဲ့ ထုတ်လွှင့်ချက်အချို့ကို အခုရက်ပိုင်းအတွင်း နားကြားပြင်းကပ်လောက်အောင် ကြားနေရပါတယ်။ ပြောပြန်ရင်လည်း ဆုံးနိုင်မှာမဟုတ်လို့ အများကြီးထဲက သတင်းတစ်ပုဒ်စ နှစ်ပုဒ်စကိုပဲ ရွေးပြီး ပြောချင်ပါတယ်။ ဇူလိုင် ၂၁ ရက် ညပိုင်းမှာ BBC က ထုတ်လွှင့်သွားတဲ့ "လွတ်လပ်အတွေး ဆွေးနွေးဖလှယ်"ဆိုတဲ့ အစီအစဉ်မှာ နာဂစ်မုန်တိုင်းကာလ ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီး ပြည်ပြေး ဝရမ်းပြေး အောင်လင်းထွဋ်က အင်တာဗျူးသဘော ပြောခဲ့ပါတယ်။ အဲဒီမှာ နာဂစ်မုန်တိုင်းနဲ့ ပတ်သက်ပြီး အဲဒီတုန်းက မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ်ဖြစ်တဲ့ ဦးထွန်းလွင်က အကြီးအကဲများဆီကို သတင်းပို့ရန် လူကိုယ်တိုင်သွားရောက်ခဲ့ပေမယ့် လက်ခံတွေ့ဆုံခဲ့ခြင်းမရှိတဲ့အတွက် အချိန်မီ သတင်းပေးပို့နိုင်ခြင်းမရှိခဲ့ကြောင်း ဇာတ်လမ်းထွင်ပြီး နာဂစ်မုန်တိုင်းကာလ နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်တွေကို မှေးမှိန်သေးသိမ်အောင်၊ အထက်အကြီးအကဲများနဲ့ အစိုးရအပေါ် ပြည်သူများ အကြည်ညိုပျက်လာအောင် မမှန်မကန် လိမ်ညာလုပ်ကြံဖန်တီးပြီး ပြောဆိုထုတ်လွှင့်ခဲ့ပါတယ်။

ပြောရရင် အောင်လင်းထွဋ်ဆိုသူဟာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ပြည်သူကို သစ္စာဖောက်ပြီး ပထွေးနိုင်ငံကနေ ပြန်မလာရဲတော့တဲ့ သစ္စာဖောက်ပြည်ပြေး ဝရမ်းပြေးတစ်ယောက် ဖြစ်ပါတယ်။ မိခင်ဌာနနဲ့ နိုင်ငံတော်တာဝန်ကို ခြေစုံကန်ပစ်ပယ်ပြီး တစ်ပါးနိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ အခုလို တောင်စဉ်ရေမရမဟုတ်မဟတ်စကားတွေပြောပြီး ထမင်းစားနေရတဲ့ သစ္စာဖောက်ပုဆိန်ရိုးစစ်စစ်ဖြစ်ပါတယ်။ ယခင်နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့စဉ်တုန်းက အစည်းအဝေးမှတ်တမ်းတွေကိုပဲ ဖတ်ခဲ့ရဖူးသယောင်ယောင်၊ အတွင်းစည်းမှာ နေခွင့်ရခဲ့တာမို့ ကိုယ်တိုင်ပဲကြားခွင့်၊ သိခွင့်ရခဲ့သယောင်ယောင် အမျိုးမျိုး ဇာတ်လမ်းဇာတ်ကွက်ထွင်ပြီး တကယ့်ဖြစ်စဉ် အဟုတ်အမှန်တွေပါဆိုတဲ့ သဘောနဲ့ လုပ်ကြံဖန်တီးဖြီးခဲ့ဖြန်းခဲ့တာ အပ်ကြောင်းထပ်နေပါပြီ။ သူ့ခေါင်းထဲမှာ အမိနိုင်ငံဆိုတာ မရှိတော့သလို ကိုယ့်လူမျိုးကိုယ့်ပြည်သူဆိုတာလည်း လုံးဝမရှိတော့ပါဘူး။ အခုတော့ သူများနိုင်ငံမှာ ပေးတာယူ ကျွေးတာစားပြီး ခိုင်းသမျှကို မရှက်မကြောက် လိမ်ညာဖြီးဖြန်းပြောဆိုပေးနေရတဲ့ အနောက်လက်ဝေခံ ရုပ်သေးရုပ် လုံးလုံးဖြစ်နေပါပြီ။

ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးက ပြောတဲ့စကားဟာ ဘယ်လိုလုပ် မှန်နိုင်မှာလဲ။ မလိုလို့ပြောတဲ့စကား၊ သွေးထိုး ကုန်းချောတဲ့စကားဆိုတာ စကြားကတည်းက ကျွန်တော်တို့နားလည်ပြီးသားပါ။ ထင်တဲ့အတိုင်းပါပဲ။ သတင်းဌာနတစ်ခုရဲ့ အဆိုအရ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ထိုကိစ္စဟာ လုံးဝမဟုတ်မှန်ကြောင်း၊ မိမိပြောဆိုခဲ့ခြင်းမရှိကြောင်း၊ နာဂစ်အကြိုကာလအတွင်း နိုင်ငံတော်အဆင့် အကြီးအကဲများထံ သွားရောက်ခဲ့ဖူးခြင်း မရှိသလို တွေ့ဆုံဖူးခြင်းလည်း မရှိခဲ့ကြောင်း၊ မိမိမသွားခဲ့ပါဘဲ အခုလို သွားခဲ့ပေမယ့် လက်ခံတွေ့ဆုံခြင်းမရှိလို့ အချိန်မီသတင်းပေးပို့နိုင်ခဲ့ခြင်း မရှိဘူးဆိုတာဟာ မိမိကိုခုတုံးလုပ်ပြီး အထက်အကြီးအကဲတွေကို ပြည်သူတွေက အကြည်ညိုပျက်လာအောင် လီဆယ်လုပ်ကြံသွေးထိုးခြင်းသာဖြစ်ကြောင်း၊ ဒါကြောင့် BBC ကို အိတ်ဖွင့်ပေးစာ ပေးပို့သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဲဒီနောက်မှာ ဩဂုတ်လ ၃ ရက်နေ့မှာ ကာယကံရှင် ဦးထွန်းလွင်က BBC ကို အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားကန့်ကွက်ခဲ့တာ တွေ့ရှိနိုင်ပါတယ်။

နောက်ထုတ်လွှင့်ချက်တစ်ခုက ရဲမွန်ဘက်ကတပ်ရင်းတွေနဲ့ သက်ဆိုင်တဲ့ သတင်းပါ။ ရဲမွန်မှာရှိတဲ့ တပ်မ (၈၈)က တပ်ရင်းရှစ်ရင်းဟာ ဝန်ထမ်းစုငွေတွေ ပြန်ထုတ်လို့မရတဲ့အတွက် တပ်တွင်းအမိန့် မနာခံမှုတွေဖြစ်ပြီး ပြဿနာတက်နေကြောင်း၊ နေပြည်တော်ရဲ့ ညှိနှိုင်းမှုကို လက်မခံဘဲ ငြင်းဆန်နေကြောင်း လံကြုပ်လုပ်သွားပါတယ်။ တစ်ခါ ရဲမွန်တပ်တွေကို နေပြည်တော်က တပ်အင်အား ၄၀၀ နဲ့ ဝိုင်းထားတယ်ပြောလိုပြော၊ နောက်တစ်ခါ ၇၀၀ နဲ့ ဝိုင်းထားတယ်ပြောလိုပြော၊ အမျိုးမျိုး ကလိမ်စေ့ငြမ်းဆင် ဇာတ်လမ်းတွေထွင်နေပါတယ်။ ပေးပို့တဲ့သတင်းထောက်ကလည်း မြန်မာ့တပ်မတော်အကြောင်း နကန်းတစ်လုံးမှနားမလည်တဲ့ ဆွန်ခလာဘူရီက BBC သတင်းထောက် ဦးသန်းပါတဲ့။ ဇာတ်လိုက်ကျော်ကြီး ဦးသန်းဟာ ယခင်ကလည်း ပြည် အင်းမဘက်ကတပ်တွေ၊ ပဲခူးဘက်ကတပ်တွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းများတွေ ဆက်တိုက်ပို့ပြီး တပ်မတော် သွေးခွဲရေးကို လုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ထုံးဘို ဆင်တဲဘက်က ကပစ စက်ရုံတွေဘက်ကို ပစ်မှတ်ပြောင်းပြီး ဒီလိုပဲ တပ်မတော်ဖြိုခွဲရေးအခြေအမြစ်မဲ့ မုသားသက်သက်သတင်းတွေ ပေးပို့ထုတ်လွှင့်ခဲ့ပါတယ်။ သူပြောသမျှသတင်းအားလုံး တစ်ခုမှမဟုတ်ဘူး၊ မမှန်ဘူး လုံးဝကိုအမှားတွေချည်းပဲဆိုတာ ကျွန်တော်တို့အားလုံး နားလည်ထားပြီးသားပါ။

အခုလည်း ပြန်စုံစမ်းကြည့်တော့ ရဲမွန်တပ်မြို့တစ်ခုလုံးဟာ ပုံမှန်ပကတိ အေးဆေးတည်ငြိမ်လျက်ပါပဲ။ ဘယ်ရဲဘော်မှ အာဏာဖီဆန်တာမရှိသလို ဘယ်တပ်မှလဲ လာဝိုင်းထားတာမရှိပါဘူး။ အသွားအလာမပျက်၊ အလုပ်အကိုင်မပျက်၊ အဝယ်အခြမ်းမပျက် စည်စည်ကားကား အေးအေးချမ်းချမ်း ရှိနေပါတယ်။ တပ်အင်္ဂါစဉ်မသိ၊ ဖွဲ့စည်းပုံနားမလည်၊ တပ်မတော်သားတွေရဲ့ သဘောထားဆန္ဒကို လုံးဝမျှဝေခံစားနိုင်ခြင်းမရှိဘဲ အားလုံးကို မဟုတ်မမှန် လီဆယ် လုပ်ကြံဖန်တီးပြီး ပြည်တွင်းပုဆိန်ရိုးတွေအလိုကျ တပ်တွင်းစည်းလုံး ညီညွတ်မှုပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် ပုံစံအမျိုးမျိုးနဲ့ သွေးထိုးသွေးခွဲနေခြင်းသာဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။

တကယ်တော့ ဒီလိုမဟုတ်မမှန်လုပ်ကြံသတင်းတွေကို ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံရုပ်သေးရုပ်တွေက အကွက်ချဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်းသိပါလျက်နဲ့ BBC လို ပြည်ပအသံလွှင့်ဌာနတွေက ရွှန်းရွှန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြခြင်း ဖြစ်ပါတယ်။ သူတို့တွေဖြစ်စေချင်တာကတော့ ကျွန်တော်တို့ပြည်သူများအတွင်း စိတ်ဝမ်းကွဲပြီး ယုန်ထင်ကြောင်ထင်အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရုတ်ရုတ်သဲသဲ အခြေအနေတွေ ပေါ်ပေါက်လာစေချင်တာပါပဲ။ တည်ဆဲအစိုးရအပေါ် အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တပ်မတော်ပြိုကွဲတာမျိုးကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိဘဲ ဗိန်းဗောင်းတီးတိုင်း လူလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိ မရောက် ရောက်အောင် ဘေးတီးလှုံ့ဆော်ပေးနေတာပါပဲ။ ဒီလို ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ကိစ္စ၊ အရိုးလိုလို့ အသားတောင်းတဲ့ ကိစ္စမျိုးကို ကျွန်တော်တို့ပြည်သူတွေက အရိပ်ပြရုံနဲ့ အကောင်မြင်ပြီး နားလည်သဘောပေါက်ကြဖို့ အရေးကြီးလှပါတယ်။

ပြည်တွင်းပြည်ပက သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေနဲ့ မုသာဝါဒီ BBCတို့ရဲ့ လုပ်ရပ်တွေဟာ ကျွန်တော်တို့ ပြည်သူများအတွင်း အထိတ်တလန့် ထင်ယောင်ထင်မှားဖြစ်ပြီး လက်ရှိ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်တွေ ပျက်ယွင်းသွားအောင်၊ ဒါ့အပြင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားပြီး အင်အားချည့်နဲ့ယိုင်လဲသွားအောင် အစီအစဉ်ရှိရှိ ရည်ရွယ်ချက်ရှိ

ပြည်တွင်းပြည်ပက သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေနဲ့ မုသာဝါဒီ BBC တို့ရဲ့ လုပ်ရပ်တွေဟာ ကျွန်တော်တို့ ပြည်သူများအတွင်း အထိတ်တလန့် ထင်ယောင်ထင်မှားဖြစ်ပြီး လက်ရှိ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ ပျက်ယွင်းသွားအောင်၊ ဒါ့အပြင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားပြီး အင်အားချည့်နဲ့ယိုင်လဲသွားအောင် အစီအစဉ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး ထိုးနှက်နေကြခြင်းသာဖြစ်ကြောင်း ထင်ရှားလှပါတယ်။ ဒီလိုလုပ်နေကြတာဟာလည်း အခုမှ အသစ်အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ သက်တမ်းအတွင်းမှာကိုပဲ ပြည်တွင်းပြည်ပ ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်းပြီး မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းထွင်ပြီး နိုင်ငံနဲ့ ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော် ဖြိုခွဲရေးလုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ တစ်စစီပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရတာ ဓမ္မတာပဲမဟုတ်လား။

ရည်ရွယ်ချက်ရှိ
ထင်ရှားလှပါ
အဆန်းမဟုတ်
ပြည်တွင်း ပြည်
ညီပူးပေါင်းပြီး
ပြည်သူကို ဒုက
တပ်မတော် ဖြို
နေလာနှင်းပျေ
ဟာ အမှန်တ
ပျောက်ကွယ်သ

အားလုံးသ
ကလည်း ဆန့်
အကြီးအကျယ်
ထိန်းမနိုင်သိမ်း
BBCသတင်း
မေးမြန်းခန်းတ
ဖြစ်တဲ့အတိုင်း
ကိုကိုလတ်တို့နဲ့
နေတဲ့ ကြက်
လှည့်ဖြားခေါ်
အသံသွင်းပေး
တံလျှပ်ကိုရေ
သို့ရောက်ပြီး
အဓမ္မပြုကျင့်ခဲ့
ပြောပေးခဲ့ရပါ
အထပ်ထပ်အ
နောက်ပိုင်းကျ
ဂန်းနက်တို့ခိုင်း
ထောင်ထဲမရေ
ဖြစ်ရပ်မှန်ကို ပ
အလားတူ
မဟုတ်ပါဘူး။
လံကြုပ်တွေချ

BBC အ
တွေဟာ အေ
ပြည့်ဝတဲ့ ဒီမို
မုဝါဒလမ်းစဉ်
ကြိုးပမ်းချီတက
မနာလိုမရှုဆိတ်
မမှန်သတင်း၊
နှောင့်ယှက်ဖျက
များသာ ဖြစ်ပ
ခြယ်လှယ်လိုတ
ပြည်တွင်းပုဆိ
အတုကပ် ပုံ
ကို ပြန်ပြီး
အဲဒီပြည်ပြေး
တစ်လုတ်တစ်
ဖြစ်ပြီး သိသိချ
ပုတ်ခတ်နေရ
မနက်တဲ့ လူမို
သနားစရာကေ

အခုဆိုရ
ဒီမိုကရေစီရွေ
နီးလာလေလေ

ရီးဆက်မည်

မန်းသာစိန်
(ဖာပွန်)

လုံး၀ကိုအမှားတွေ
းပြီးသားပါ။
ပ်မြို့တစ်ခုလုံးဟာ
ရဲဘော်မှ အာဏာ
မရှိပါဘူး။ အသွား
မ်းမပျက် စည်စည်
ါ်စဉ်မသိ၊ ဖွဲ့စည်းပုံ
ထားဆန္ဒကို လုံး၀
လီဆယ် လုပ်ကြံ
စည်းလုံး ညီညွတ်မှု
းနဲ့ သွေးထိုးသွေးခွဲ

းတွေကို ပြည်တွင်း
ဝခံရုပ်သေးရုပ်တွေ
လုပ်ကြံသတင်းမှန်း
တွက ရှန်းရှန်းဝေ
ပါတယ်။ သူတို့တွေ
တွင်း စိတ်ဝမ်းကွဲပြီး
တွနဲ့ ရှုတ်ရှုတ်သဲသဲ
၊ တည်ဆဲအစိုးရ
တပ်မတော်ပြိုကွဲ
အများယောင်လို့
ဘဲ ဗိန်းဗောင်းတီး
တွ လမ်းပေါ်ထွက်
က် ရောက်အောင်
ပို့ ဒီချူထွင်တဲ့ကိစ္စ၊
ာ်တို့ပြည်သူတွေက
ပေါက်ကြဖို့ အရေး

**းတွေ၊ အနောက်
ရဲ့ လုပ်ရပ်တွေဟာ
နဲ့ ထင်ယောင်ထင်
းတိုးတက်မှုအရှိန်
ပ်တွင်းစည်းလုံးညီ
အောင် အစီအမံရှိရှိ၊**

**ွနဲ့ မှသာဝါဒီ
ယောင်ထင်မှား
သွားအောင်၊
အစီအမံရှိရှိ၊
ဒီလိုလုပ်နေ
တွင်းမှာကိုပဲ
မဟုတ်မမှန်
က်နိုင်အောင်
နှင်းပျောက်
ခါ တစ်စစီ**

ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး ထိုးနှက်နေကြခြင်းသာဖြစ်ကြောင်း ထင်ရှားလှပါတယ်။ ဒီလိုလုပ်နေကြတာဟာလည်း အခုမှ အသစ်အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ သက်တမ်းအတွင်းမှာကိုပဲ ပြည်တွင်း ပြည်ပ ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်းပြီး မဟုတ်မမှန် လုပ်ကြံ ဇာတ်လမ်းထွင်ပြီး နိုင်ငံနဲ့ ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော် ဖြိုခွဲရေးလုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ တစ်စစီ ပြိုကွဲလွင့်စဉ် ပျောက်ကွယ်သွားရတာ ဓမ္မတာပဲမဟုတ်လား။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ အရေးအခင်းကာလတုန်းကလည်း ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ BBC တို့ ပေါင်းပြီး ပြည်သူကို အကြီးအကျယ်လိမ်ခဲ့ဖူးပါတယ်။ ဆူပူအုံကြွနေတဲ့ လူအုပ်ကြီးကို ထိန်းမနိုင်သိမ်းမရဖြစ်တဲ့အဆင့်ရောက်အောင် ဆွပေးနိုင်ဖို့အတွက် BBCသတင်းထောက် ခရစ္စတိုဖာဂန်းနက်က ကလိမ်ကကျစ်တွေ့ဆုံမေးမြန်းခန်းတစ်ခု လုပ်ကြံဖန်တီးထုတ်လွှင့်ခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ခရစ္စတိုဖာဂန်းနက်ဟာ နေမင်း၊ ငွေးအောင်၊ ငွေးကြွယ်၊ ကိုကိုလတ်တို့နဲ့ပေါင်းပြီး ရန်ကုန်ဆေးရုံကြီးမှာ သူနာပြုလုပ်အားပေးနေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသူ မအေးငြိမ်းသူကို လိမ်လည်လှည့်ဖြားခေါ်ဆောင်ပြီး သူတို့ရေးပေးတဲ့ဇာတ်ညွှန်းအတိုင်း ပြောပြအသံသွင်းပေးဖို့ လုပ်ဆောင်ခဲ့ပါတယ်။ မအေးငြိမ်းသူကလည်း တံလျှပ်ကိုရေထင်ပြီး ကျောင်းသူမိမိမှာ အဖမ်းခံရ၍ အင်းစိန်ထောင်သို့ရောက်ပြီး ထောင်ဝန်ထမ်းများက မိမိနှင့် အခြားကျောင်းသူများကို အဓမ္မပြုကျင့်ခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံပြီး BBC အလိုကျ ပြောပေးခဲ့ရပါတယ်။ အဲဒီတွေ့ဆုံမေးမြန်းခန်းကို BBC က အားရပါးရ အထပ်ထပ်အခါခါ ထုတ်လွှင့်ခဲ့ပါတယ်။ အရေးအခင်းပြီးဆုံးသွားပြီး နောက်ပိုင်းကျမှ မအေးငြိမ်းသူကိုယ်တိုင်က ကိုကိုလတ်၊ ငွေးကြွယ်နဲ့ ဂန်းနက်တို့ခိုင်းတဲ့အတိုင်း လုပ်ကြံပြောခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိမှာ ထောင်ထဲမရောက်ခဲ့သလို အဓမ္မပြုကျင့်ခြင်းလည်း မခံခဲ့ရပါကြောင်း ဖြစ်ရပ်မှန်ကို ပြန်လည်တင်ပြတောင်းပန်ခဲ့တာ မှတ်မိနေပါသေးတယ်။ အလားတူ အခြားသာဓကများလည်း ပြောမယ်ဆိုရင် ဆုံးနိုင်မှာ မဟုတ်ပါဘူး။ အခု BBC ရဲ့ ထုတ်လွှင့်ချက်တွေဟာလည်း ဒီလို လံကြုပ်တွေချည်းပါပဲ။

BBC အပါအဝင် အနောက်အသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မရောက် ရောက်အောင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးပမ်းချီတက် တည်ဆောက်အကောင်အထည်ဖော်နေမှုများကို မနာလိုမရှုဆိတ်နိုင်ဘဲ နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ပြိုကွဲအောင်၊ မမှန်သတင်း၊ လုပ်ကြံသတင်း ကောလာဟလများနဲ့ မှိုင်းတိုက်နှောင့်ယှက်ဖျက်ဆီး ဟန့်တားဖို့ ကြိုးစားနေတဲ့ ဝါဒဖြန့်အဖျက်လုပ်ရပ်များသာ ဖြစ်ပါတယ်။ ကိုလိုနီလက်သစ်ဝါဒီတွေပီပီ သူတို့ကြိုးကိုင်ခြယ်လှယ်လိုတဲ့ ပစ်မှတ်နိုင်ငံများက ပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကို ဒီမိုကရေစီရေးလှုပ်ရှားသူအဖြစ် တံဆိပ်အတုကပ် ပုံဖော်ပေးပြီး ငွေကြေးမက်လုံးနဲ့ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူကို ပြန်ပြီး စော်ကားပုတ်ခတ် ဆဲရေးခိုင်းနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကလည်း တစ်လုတ်တစ်ဆုပ်မဝရေစာနဲ့ အပင်းမျိုမိသလို မထွေးနိုင်မအန်နိုင်ဖြစ်ပြီး သိသိချည်းနဲ့ ကိုယ့်နိုင်ငံကိုယ့်ပြည်သူကို အခုလို စော်ကားဆဲရေးပုတ်ခတ်နေရတာမျိုးပါ။ အကြံပက်စက် ဆန်ကောလောက်မှဇောက်မနက်တဲ့ လူမိုက်ကြီးတွေဖြစ်ပေမယ့် တစ်ဖက်က ပြန်ကြည့်ရင်လည်း သနားစရာကောင်းလှပါတယ်။

အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး နီးသည်ထက် နီးလာပါပြီ။ ဒီလို နီးလာလေလေ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်

တကယ်တမ်းပြောရရင် နေ့စဉ်ထုတ်သတင်းစာတွေ၊ ရုပ်မြင်သံကြား ဖန်သားပြင်တွေပေါ်မှာ ဖော်ပြပေးနေတဲ့ "BBC-ညာနေသည်"၊ "VOA, BBC-ရန်တိုက်ပေးနေသည်"၊ "RFA,DVB သွေးထိုးနေသည်"၊ "ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ် သမား-နားမယောင်လေနဲ့ သတိထား" ဆိုတဲ့ ဆောင်ပုဒ်တွေဟာ အမှန်တွေ ချည်းပါပဲ။ ပြည်သူတွေ အသိတရားနဲ့ ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင် အောင် ထိထိမိမိ သတိပေးနေတဲ့ ဆောင်ပုဒ်တွေဖြစ်ပါတယ်။

အောင်အောင်မြင်မြင် ဝင့်ဝင့်ကြွားကြွား ပေါ်ပေါက်လာမှာကို လုံး၀ မတွေ့လို၊ မမြင်လို၊ မဖြစ်စေလိုကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေနဲ့ အနောက်အုပ်စုတွေက ဆန့်ကျင်ဘက်သတင်းဌာနတွေရဲ့ မီဒီယာအားကိုသုံးပြီး အစွမ်းကုန် ပိုပိုပြီး ဖျက်လိုဖျက်ဆီး လုပ်လာလေလေပါပဲ။ ဒါကို ကျွန်တော်တို့ သတိပြုကြရပါမယ်။ သို့သော် ကျွန်တော်တို့သာ သတိရှိမယ်ဆိုရင် ဘာမှစိတ်ပူစရာ၊ စိုးရိမ်စရာမရှိပါဘူး။ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ လိမ့်လုံး ညာလုံးတွေ၊ ဖြီးလုံးဖြန်းလုံးတွေမှန်း နားလည်သဘောပေါက်ထားပြီဆိုရင် သူတို့ ဘာမှမတတ်နိုင်ပါဘူး။ လေထဲကလာတဲ့ မုသာဝါဒဟာ လေထဲမှာပဲ ပျောက်သွားမှာ မုချပါပဲ။

ဒါကြောင့် လက်ရှိရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းသွားမှာ၊ ဒို့အပြင်ရှေ့မှာ လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင် လက်လွတ်ပျောက်ဆုံးသွားမှာကို အစိုးရိမ်ကြီး စိုးရိမ်ပူပန်နေကြတဲ့ ပြည်သူများအနေနဲ့ မိုးလုံးပြည့် မုသာဝါဒီတွေရဲ့ လံကြုပ်ထုတ်လွှင့်ချက်တွေကို နားမယောင်ကြဖို့၊ စိတ်မပူကြဖို့ ပြောလိုပါတယ်။ ခွေးလှေးခုန်ရုံနဲ့ ဖုန်မထနိုင်ဘူးဆိုတာ နားလည်ယုံကြည်ကြစေချင်ပါတယ်။ အဓိကကတော့ ကလိမ်စေ့ငြမ်းဆင် အလိမ်တကော့ဘုရင်တွေ မိုးလုံးမဆံ့အောင် လိမ်နေကြတယ်ဆိုတာကို သိနားလည်ကြပြီး တစ်ဖက်ကလည်း သိသိကြီးနဲ့ အလိမ်မမိကြစေဖို့ သတိသမ္ပဇဉ်တရား လက်ကိုင်ထားကြစေချင်ပါတယ်။ လိမ်တဲ့သူက လိမ်တာသူ့အလုပ်ဖြစ်တာမို့ ဆက်ကာဆက်ကာ လိမ်နေဦးမှာပါပဲ။ ကျွန်တော်တို့ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလိမ်အညာမှိုင်းမမိစေဖို့ သတိလေးနဲ့ ဆင်ခြင်ရှောင်ရှားသွားကြရမှာသာ ဖြစ်ပါတယ်။

တကယ်တမ်းပြောရရင် နေ့စဉ်ထုတ်သတင်းစာတွေ၊ ရုပ်မြင်သံကြား ဖန်သားပြင်တွေပေါ်မှာ ဖော်ပြပေးနေတဲ့ "BBC-ညာနေသည်"၊ "VOA,BBC-ရန်တိုက်ပေးနေသည်"၊ "RFA,DVBသွေးထိုးနေသည်"၊ "ခလောက်ဆန်အကောက်ကြံ လေလှိုင်းသံလူသတ်သမား-နားမယောင်လေနဲ့သတိထား"ဆိုတဲ့ ဆောင်ပုဒ်တွေဟာ အမှန်တွေချည်းပါပဲ။ ပြည်သူတွေ အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်အောင် ထိထိမိမိ သတိပေးနေတဲ့ ဆောင်ပုဒ်တွေဖြစ်ပါတယ်။

ဆယ်စုနှစ်ပေါင်းများစွာ အလိမ်အညာလုပ်ကြံသွေးထိုးစကားတွေကို တွင်တွင်ပြောပြီး ကျွန်တော်တို့ အများပြည်သူ စိတ်မချမ်းသာ၊ နားမချမ်းသာအောင် လုပ်လာခဲ့တာတွေအတွက် တစ်ချိန်ချိန်တော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံရမှာ မြေကြီးလက်ခတ်မလွဲပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပြည်သူအားလုံးက ဒင်းတို့ရဲ့ အလိမ်အညာလှိုင်းကို ရှောင်ကွင်းပြီး လက်တစ်ကမ်းတောင်မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင်ကို မရောက်ရောက်အောင် ကြိုးပမ်းချီတက်ခရီးဆက်သွားမှာသာဖြစ်ကြောင်း အတိအလင်း ကြေညာမောင်းခတ် လိုက်ပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ပတ္တကမ္မသုတ္တန်"တရားတော် (ဆရာတော်ဘဒ္ဒန္တနန္ဒိသာရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၇၃)**
- ၈း၄၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၉) (ဇော်ဝင်းထွဋ်)
- ၉း၂၀ Activities In The City
  - MBA မိသားစု၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ
  - ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၉း၄၅ Cartoon Show Time (Home on the Range)
- ၁၀း၂၀ ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
- ၁၀း၄၅ အင်အားအပြည့်နှင့်ရှင်သန်လျက်ရှိသော
- ၁၁း၀၅ Sports Diary
- ၁၁း၃၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁၁း၄၅ ဝါသီးကရွှေသီးဖြစ်ပြီ (ဖြိုးငွေစိုး၊ ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန် [(Success)Language Academe]
- ၁၂း၄၀ အေးချမ်းသာလ. . . ဝါဥ္စက
- ၁း၀၀ "ပတ္တကမ္မသုတ္တန်"တရားတော် (ဆရာတော်ဘဒ္ဒန္တနန္ဒိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ World of Knowledge (World's Toughest Fixes; Giant Antenna)
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၇၃)**
- ၄း၂၅ Activities In The City
  - MBA မိသားစု၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ
  - ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၄း၄၅ ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
- ၅း၀၀ လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ(အပိုင်း-၁)
- ၅း၃၀ Celebrity Style (Too Big)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Cartoon Show Time (Home on the Range)
- ၆း၅၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁၀) (ဇော်ဝင်းထွဋ်)
- ၇း၄၀ ရွှေဝါဟသ်ာဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ ၂၀၁၀-၂၀၁၁ မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးစရိတ်နှင့်သွင်းအားစု များပေးအပ်ပွဲအခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၁၅ သင်ကြားရေးလမ်းညွှန် [(Success)Language Academe]
- ၉း၀၀ Celebrity Style (Too Big)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၇၃)**
- ၁၀း၀၀ Sunday Talk
- ၁၀း၅၀ Sports World
- ၁၁း၁၅ လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ(အပိုင်း-၁)
- ၁၁း၃၀ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁၂း၀၅ ဆီထွက်သီးနှံများထဲမှ"ဆီအုန်း"
- ၁၂း၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်ပျဉ်းမနား၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၉

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ကန်နားရပ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၂၀ တို့ တက်ရောက်ကြသည်။

နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်တင့်က အသက်(၁၈)နှစ်မပြည့်လျှင် မော်တော်ဆိုင်ကယ်မစီးသင့်ကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရှိလျှင် ယာဉ်မောင်းလိုင်စင်ပြုလုပ်၍ လိုင်စင်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ကြမှသာ မော်တော်ဆိုင်ကယ်စီးသင့်ကြောင်း၊ လမ်းဖြတ်ကူးရာတွင် လူကူးမျဉ်းကျားမှကူးရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်လိုက်နာကြရန် ရှင်းလင်းဟောပြောခဲ့သည်။ (သတင်းစဉ်)

မိုးသောက်ပန်းဂျာနယ် အတွဲ(၁၃)၊ အမှတ် (၂၆) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၉

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော 'မိုးသောက်ပန်းဂျာနယ်' အတွဲ(၁၃)၊ အမှတ်(၂၆)တွင် ကာတွန်းတင်အောင်နီ၏ 'ပြိုင်ပွဲ'၊ ကာတွန်းဆန်းထွန်း၏ 'မှတ်ကြီးရဲ့ မိုးတစ်ည'၊ ကာတွန်းစောဟန်၏ 'ရန်ပိုင်စိုးနှင့်အကြံကောင်း'၊ ကာတွန်းကျောက်ဆူး၏ 'ရှေးဟောင်းယမင်းရုပ်'၊ ကာတွန်းမြေရိုင်း၏ 'မျက်နှာဖုံးရှင်'၊ ကာတွန်းမြေဇာ၏ 'မေမေမရှိတုန်း'၊ ကဗျာကဏ္ဍတွင် ခန့်မှူးပိုင်(ခတု)၏ 'မိုးဦးမြင်ကွင်း'၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ 'နှစ်ဖက်ရှုံးတံငါသည် အကြောင်း' နှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် 'ဆုဒိုခုပြိုင်ပွဲ' များနှင့်အတူ ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ် (၁၈၁)၊ ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့တို့နှင့် ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

(အမည်မှည့်မင်္ဂလာ)တို့ကို ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ကြသည်။

ဘဒ္ဒဝတီ

ဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ဖြူတော်ရတနာ၏ အမည်နာမမှာ ဘဒ္ဒဝတီဖြစ်သည်။

ရောက်ရှိလာ

ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ဇွန် ၂၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင်ရရှိခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဆင်ဖြူတော်ရတနာ၏ အသက်မှာ ၃၈ နှစ်ခန့်ရှိပြီး အရပ် ၇ ပေ ၄ လက်မနှင့် လုံးပတ် ၁၀ ပေ ၁၁ လက်မရှိသည်။

ယခုအခါ ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ရွတ်ပွားချီးမြှင့်

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ဩဂုတ် ၈ ရက် နံနက် ၅ နာရီခွဲတွင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီအမှူးပြုသော ဆရာတော်သံဃာတော် ၁၈ ပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း၌ ဆင်ဖြူတော်ရတနာ အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိစဉ်။

(သတင်းစဉ်)

ဩဂုတ် ၉ ရက်က စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ရေယာဉ်တည်ဆောက်ရေးရုံသို့ ရောက်ရှိပြီး ရေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများကို CNC(Computerized Numerical Control) စနစ်ဖြင့် သံပြားများ ဖြတ်တောက်နေမှု၊ အမာခံလွှင်ပြင်၌ မြစ်တွင်းသွား ကုန်တင်တွဲရေယာဉ်များ တည်ဆောက်နေမှု၊ လားရှိုးရေယာဉ်နှင့် သမ္မတရေကြောင်းပြရေယာဉ်တို့ လွှန်းတင်ပြင်ဆင်နေမှုနှင့် ပြီးစီးမှု၊ ရေလုံကျင်း၌ ရေယာဉ်များ မွမ်းမံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းများနှင့် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ရေယာဉ်တည်ဆောက်ရေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၉

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးစိန်လှိုင်နှင့် ဦးသက်ထွန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု(၇)မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာကြီးမင်းသိခ်အား ရည်စူး၍ ဇော်သဗျာကရဏပေဒဆရာများနှင့် ပိတောက်(၅)လမ်း မြို့သစ် (၈) အင်းစိန်မြို့နယ် ရန်ကုန်တိုင်းနေ ဦးမောင်မောင်မြင့်အေးတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၁၀-၈-၂၀၁၀ (ဥပုသ်နေ့)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ကြေညာချက်
တရားတော် (အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
ဥပုသ်နေ့နှိုးဆော်ချက်
၇း၃၀ မမ္မပူဇာတေး
(၃၈)ဖြာမင်္ဂလာ
၈း၀၀ နံနက်ခင်းတေးပဒေသာ
စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(အကျင့်ကောင်း)
၈း၄၀ တေးပဒေသာ
၉း၅၀ နဝင်္ဂတရား(ဘဒ္ဒန္တဇောတိပါလ)
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(ငါးပိကောင်ကင်-ငှက်ပျောဖူး ဆီပြန်-ပိန်းရိုးဟင်းခါး) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on line (ရေဗက္ကာဝင်း)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
Current Song
၁၂း၄၀ တေးပဒေသာ
ပြိုးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ်
(ပဥ္စမတန်း-သမိုင်း)
တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ မေတို့တွက်တာ အလှကမ္ဘာ
(လက်မှာရှိတဲ့ အရေးကြောင်းများ)
၅း၁၀ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ညနေခင်းတေးပဒေသာ
၅း၄၅ ထူးဆန်းထွေလာ၍မြေကမ္ဘာ
အမှတ်စဉ်(၅၂)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ ညနေခင်းတေးပဒေသာ
၆း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
(ဘဝအမောတွေထဲက အလှသဘောတွေကိုရှာဖွေခြင်း)
၆း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ ဇာတ်လမ်းပမာနားဆင်စရာ
(ရှိခြင်း၊ သိခြင်း အကြောင်းတရားများ)
၇း၃၀ တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ တေးစီးရီး
(အယုံလွယ်သူ-ခင်ဘုဏ်း)
စီးပွားရေးဦးတည်ချက်
၉း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၉း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာတရားတော်
၁၀း၀၀ အစီအစဉ်ပြီး၏။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၇ ရက်တွင် ကျင်းပပြီးစီးခဲ့ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁၁ ရက်မှစ၍ နေပြည်တော်ဘောလုံးပြိုင်ကွင်းနှင့် နေပြည်တော် ပေါင်းလောင်းဘောလုံး ပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲကျင်းပရေး အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ၍ ဒုတိယအဆင့်အတွက် အုပ်စုခွဲမဲနှိုက်ကြရာ ဒုတိယအဆင့်အုပ်စုများအဖြစ် (ကက) အုပ်စုတွင် သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ အမှတ် (၁)စက်မှုဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ (ခခ) အုပ်စုတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ (ဂဂ)အုပ်စုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ အားကစားဝန်ကြီးဌာနအသင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်း၊ (ဃဃ)အုပ်စုတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ပါဝင်ကြသည်။

ဩဂုတ် ၁၁ ရက်တွင် ဒုတိယအဆင့်အုပ်စုပတ်လည် ပထမပွဲစဉ်များအဖြစ် နေပြည်တော် ဘောလုံးပြိုင်ကွင်း၌ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်းဘောလုံးပြိုင်ကွင်း၌ အမှတ် (၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် ပွဲစဉ်များကို စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MNL အရန်အသင်းများအမှတ်ပေးပွဲ ဇေယျာရွှေမြေနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲများရ

ရန်ကုန် ဩဂုတ် ၉

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၁)ကို ယနေ့ ညနေ ၄ နာရီက ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲများ ရရှိသွားသည်။

(ပဒုမ္မာကွင်း)

ဇေယျာရွှေမြေ သုံးဂိုး

[(စည်သူသန်း၊ မင်းချစ်သူ (ပယ်နယ်တီ)၊ မျိုးကျော်]

ဖွဲ့ကပင်ယူနိုက်တက် တစ်ဂိုး

(အောင်အောင်ဟိန်း)

သုံးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးနေသည့် ဇေယျာရွှေမြေအသင်းမှာ ဖွဲ့ကပင်ယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲ ပြန်လည်ရရှိသွားခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ပထမပိုင်းတွင် ခြေစွမ်းပြ ကစားနိုင်ခြင်း မရှိသော်လည်း ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရရှိကာ ပထမအကျော့ကိုအနိုင်ဖြင့် ပိတ်သိမ်းနိုင်ခဲ့သည်။

လေးပွဲဆက်တိုက် ရလဒ်ကောင်းများ ရရှိနေသည့် ဖွဲ့ကပင်ယူနိုက်တက်အသင်းမှာ ယခုပွဲကို အားထည့်ကစားခဲ့သော်လည်း ယခင်ပွဲများလောက် ကစားပုံမကောင်းခဲ့ပေ။

စည်သူသန်း၊ ဇော်လင်းထွန်း-၁၊ အောင်ကိုကိုဝင်း၊ မျိုးကျော်တို့ပြင် လူစုံပါဝင်လာသည့် ဇေယျာရွှေမြေအသင်းမှာ ပထမပိုင်းတွင် ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ မကြာခဏ လူကျွံနေခြင်း၊ ဖြတ်တင်တောများ မတိကျခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် ဇေယျာရွှေမြေတို့ တိုက်စစ်အားတင်လာပြီး ၄၈ မိနစ်တွင် စည်သူသန်းက ဂိုးစတင် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေက ပွဲကို စိုးမိုးသွားပြီး ၅၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မင်းချစ်သူက ဒုတိယဂိုးသွင်း ၇၁ မိနစ်တွင် မျိုးကျော်က တတိယဂိုးတို့ကို သွင်းယူခဲ့သည်။ ဖွဲ့ကပင်အတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို မိနစ် ၉၀တွင် အောင်အောင်ဟိန်းက သွင်းယူပေးခဲ့သည်။

(စလင်းကွင်း)

ရတနာပုံ သုံးဂိုး

မနောမြေ ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

နေပြည်တော် - ဉသျှာယူနိုက်တက်

(စလင်းကွင်း)

ကမ္ဘောဇ - မကွေး

(ပဒုမ္မာကွင်း)

Delta United - Southern Myanmar

(ကြေးမုံ)

ဇေယျာရွှေမြေ တိုက်စစ်မှူး မျိုးကျော်နှင့် ဖွဲ့ကပင်နောက်ခံလူတို့ အကြိတ်အနယ်။ (ကြေးမုံ)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်း တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရွှေကျင်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကိုကိုးကျွန်းတွင် ၂ ဒသမ ၄၈ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရေးမြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီနှင့် ဂွမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၅ဒသမ၀ဒီဂရီစင်တီဂရိတ်) ၉၅ ဒီဂရီဖာရင်ဟိုက်		၈-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမ၀ဒီဂရီစင်တီဂရိတ်) ၇၅ ဒီဂရီဖာရင်ဟိုက်		၉-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း		၉-၈-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၅၁ လက်မ	၉-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမ၄ဒီဂရီစင်တီဂရိတ်)၈၉ ဒီဂရီဖာရင်ဟိုက်		၈-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ ၈ဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၉-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း		၉-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၁ ဒသမ ၀ နာရီခန့်	၈-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၉-၈-၂၀၁၀	၃ မမ (သုည ဒသမ ၁၂လက်မ)	၃ မမ (သုညဒသမ ၁၂လက်မ)	၂မမ (သုညဒသမ ၀၇လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၁၆၉မမ (၄၆ဒသမ ၀၃လက်မ)	၁၃၅၀မမ (၅၃ဒသမ၁၅လက်မ)	၁၅၇၈မမ (၆၂ဒသမ၁၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၈-၈-၂၀၁၀ ရက် ၃း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အိန္ဒိယ တာတာကားကုမ္ပဏီနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဆလွန်းကားစီးရေတစ်သောင်း ထုတ်လုပ်မည်၊ မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းအပေါ် မျိုးစန္ဒီကျော်က ပြန်လည်ရှင်းလင်း၊ မြန်မာနှင့် တရုတ် ပူးပေါင်း၍ တန်ချိန်မြင့်သင်္ဘောများ တည်ဆောက်မည်၊ ရွှေမန္တလေးမှ အိမ်ခြံမြေဈေးတွေလှုပ်ရှားနေ၊ City Bus စီးရေ ၃၀၀ ပုဂ္ဂလိကသို့ တင်သွင်းခွင့်ပေး၊ အင်းစိန် GTI ဝင်းရှိ ခုတင် (၁၀၀) ဆံ့ဆေးရုံက ၂၄ နာရီအခမဲ့ကုသပေးမည်၊ နေတိုးနှင့် မိုးယုစံတို့၏ လန်ဒန်အတွေ့အကြုံ၊ မြန်မာ့ပထမဆုံး Gtalk ဆွေးနွေးပွဲ ပြုလုပ်မည်၊ အဲပုဂံက ပြည်ပခရီးစဉ်ငါးခု တိုးချဲ့ပျံသန်းမည်၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ရန် ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်မည်၊ နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ တိုက်ကွမ်ဒိုအားကစားရုံ တည်ဆောက်မည်၊ Steel သီးသန့်ဖြင့် လိပ်ခုံးသဏ္ဌာန် အကြီးဆုံးခန်းမကြီး တည်ဆောက်နေ၊ ရေကြောင်းပညာတက္ကသိုလ်တွင် မဟာတန်းများဖွင့်လှစ်နိုင်ရန်စီစဉ်နေ၊ မြန်မာအမျိုးသမီး လက်ဝှေ့ကျော်နှစ်ဦး ကမ္ဘာ့အဆင့်ပြိုင်ပွဲဝင်ရန် မကြာမီသွားရောက်မည်၊ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်သို့ ရောက်ခဲ့စဉ်က၊ နေမှ မီးစွယ်ကြီးတစ်ခု ကမ္ဘာမြေဘက်သို့ လွင့်စဉ်လာ၊ နေမုန်တိုင်းကြီးတိုက်ခတ်မှုက ကမ္ဘာကိုရိုက်ခတ်နိုင်ကြောင်း နာဆာအဖွဲ့ သတိပေးချက်ထုတ်ပြန်၊ အပျိုစစ်စစ်ပြန်ဖြစ်ရန် ခွဲစိတ်ကုသမှု ခံယူနိုင်၊ ငါးရှဉ့်အရှင် ခန္ဓာကိုယ်အောက်ပိုင်းမှ ဗိုက်ထဲဝင်၍ ခွဲစိတ်ခဲ့ရ၊ ဧရာမ မိုးသီးကြီးများကြလာခဲ့ရာ အချင်း ရှစ်လက်မအရွယ်အထိရှိ။

လေဆိပ်ပေါ်၌ ဘောလုံးကွင်းအဆနှစ်ဆယ်ရှိသော ပန်းကန်ပြားပျံကြီး ဖြတ်သန်းသွား၊ ပရက်စလေဂုဏ်ပြု ဂီတအယ်လ်ဘမ်တွင် ရေဘဝဲပေါလ်၏ပုံကို မျက်နှာဖုံးအဖြစ်သုံး၊ ဂျယ်လီငါးများ အလုံးအရင်းနှင့် ရောက်လာသဖြင့် အပန်းဖြေကမ်းခြေများ ပိတ်လိုက်ရ၊ အိမ်သာတွင်းထဲ နှစ်ရက်ကြာ ပြုတ်ကြနေခဲ့ရသူ၊ နာအိုမီကင်းဘဲလ်က လိုင်ဘေးရီးယားသမ္မတဟောင်းထံမှ စိန်များ လက်ဆောင်ရရှိခဲ့ကြောင်း နိုင်ငံတကာတရားရုံး၌ ထွက်ဆို၊ လူ ၅၀ ကျော် သေစေခဲ့ပြီးဖြစ်သည့် ရုရှားတောမီးကြောင့် မော်စကို တစ်မြို့လုံး မီးခိုးလုံးများ ဖုံးလွှမ်းနေ၊ ကမ္ဘာကျော် ဟစ်ဟော့ပ်အဆိုတော် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်၊ ပါကစ္စတန်ရေဘေးလူ ၁၆၀၀ ကျော်သေဆုံးပြီး ရေလွှမ်းမိုးမှုဒဏ်ခံရသူ ၁၄ သန်းထိရှိလာ၊ ယခုလ ၁၂၊ ၁၃ ရက်များ၌ ဥက္ကာခဲများ မိုးရွာချသကဲ့သို့ အစုလိုက်အပြုံလိုက် ကြွေကျခြင်းကို တွေ့မြင်ရမည်. . . " စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဩဂုတ် ၉

ဦးစိုးမင်းသည် ကစားဖော်များဖြစ်ကြသော ဦးထွန်းဇော်ချစ်၊ ဗိုလ်ကြီးဇော်မင်းမင်းဦး၊ ဦးကိုဦး၊ ဦးအိုက်လူတို့နှင့်အတူ ဇူလိုင် ၃၁ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon (4) ဘောလုံးကို Taylor Made (PW) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၁၈ ကိုက် အကွာ၌ရှိသော ကျင်းအမှတ် (၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လုပ်ငန်းခွင်အသုံးချ Construction Survey သင်တန်း နေပြည်တော်၌ ဖွင့်မည်

နေပြည်တော် ဩဂုတ် ၉

Concordia Int'l Co., Ltd. က လုပ်ငန်းခွင်အသုံးချ Construction Survey သင်တန်းအပတ်စဉ် (၁/၂၀၁၀) ကို ဩဂုတ် ၁၆ ရက်မှ ၂၆ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ နေပြည်တော်ရှိ Concordia သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းတွင် Concordia Survey Team မှ အတွေ့အကြုံရင့်ကျက်သော Construction Survey လုပ်ငန်း မြေတိုင်းပညာရှင်များက ဆောက်လုပ်ရေး လုပ်ငန်းခွင် လက်တွေ့အသုံးချ တိုင်းတာနည်းများဖြစ်သော Volume Calculation, Foundation Survey (Pilling and Eccentricity) Alignment and Level Control, Super Structure များအပါအဝင် Construction Survey လုပ်ငန်းစဉ်အားလုံးကို Topcon Total Station Instrument များဖြင့် အသုံးပြုတိုင်းတာခြင်းများကို လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

Construction Survey သင်တန်းသို့ ဆောက်လုပ်ရေးလုပ်ငန်းခွင် အသီးသီးတွင် လုပ်ကိုင်နေကြသော အစိုးရ၊ ပုဂ္ဂလိက၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊

Construction Survey ကို ကျွမ်းကျင်စွာ တတ်မြောက်အောင် လေ့လာသင်ကြားလိုသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ အလှည့်ကျဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများကို ဩဂုတ် ၁၀ ရက်မှစ၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်အနေဖြင့် Topcon Total Station ဝယ်ယူထားသော Customer များ၊ Concordia Co., Ltd. မှ ဖွင့်လှစ်သော Certificate Advance Survey Training တက်ရောက်ပြီးသူများအား သင်တန်းကြေး ၃၀ ရာခိုင်နှုန်း Discount ပေး၍ လက်ခံသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက နေပြည်တော် အမှတ်-၁၄၄၊ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း - ၀၆၇-၄၂၀၈၁၉၊ ၀၉-၄၉၂၀၀၉၅၁ နှင့် ၀၉-၄၉၂၀၀၉၄၇၊ မန္တလေး အမှတ် (၅) မြေညီထပ်၊ SY အဆောက်အအုံလမ်း (၃၀)၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း -၀၂-၃၆၄၇၈၊ ၈၉၅၇၁၊ ၈၉၆၂၅ နှင့် ၀၉-၅၀၆၇၁၇၂နှင့် ရန်ကုန် (၃)လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း -၀၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၆၀၇၆၊ ၅၅၈၄၃၈၊ ၇၃၀၀၉၂၂၃ နှင့် ၀၉-၅၀၀၅၉၁၂ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းလျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင်အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
- (၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**
- (၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** — အမှတ်(၇)တည်းခိုဆောင်စခန်း၊ ရွာတော်၊
(ခ) **မြစ်ကြီးနားမြို့** — တပ်နယ်ခန်းမ၊
(ဂ) **လားရှိုးမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ) **ကျိုင်းတုံမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(င) **တောင်ကြီးမြို့** — သံလွင်ခန်းမ၊
(စ) **မော်လမြိုင်မြို့** — ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဆ) **ပြည်မြို့** — တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်အားကစားခန်းမ၊
(ဇ) **အမ်းမြို့** — တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဈ) **မုံရွာမြို့** — အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ည) **ရန်ကုန်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၈၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၈၀၁) မှ နောက်ဆုံး - အလက(၄) မင်္ဂလာဒုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၂) မင်္ဂလာဒုံ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၃၀၀) အထိ - အထက(၂) မင်္ဂလာဒုံ၊
  - (ခခ) ခုံအမှတ်(၁၃၀၁) မှ (၂၈၀၀) အထိ - ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊
  - (ဂဂ) ခုံအမှတ်(၂၈၀၁) မှ နောက်ဆုံး - အလက(၄) မင်္ဂလာဒုံ၊

(ဋ) **ပုသိမ်မြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၂၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
  - (ခခ) ခုံအမှတ်(၂၀၁) မှ နောက်ဆုံး - တပ်နယ်အားကစားရုံ၊

(ဌ) **မန္တလေးမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - အထက(၁၈) နန်းတွင်း၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၁၄၀၀) အထိ - အထက(၁၈) နန်းတွင်း၊
  - (ခခ) ခုံအမှတ်(၁၄၀၁) မှ (၁၉၃၀) အထိ - အမက(၆) နန်းတွင်း၊
  - (ဂဂ) ခုံအမှတ်(၁၉၃၁) မှ နောက်ဆုံး - အမက(၅) နန်းတွင်း၊

(ဍ) **တောင်ငူမြို့**
- (၁) **စစ်တက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ကေအေချမ်းမြို့ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊
- (၂) **တပ်မတော်ဆေးတက္ကသိုလ်**ဗိုလ်လောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ ကေအေချမ်းမြို့ခန်းမ၊
- (၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဗိုလ်လောင်းများအတွက်
  - (ကက) ခုံအမှတ်(၁) မှ (၃၀၀) အထိ - တိုင်းစစ်ဌာနချုပ်၊ ကေအေချမ်းမြို့ခန်းမ၊
  - (ခခ) ခုံအမှတ်(၃၀၁) မှ နောက်ဆုံး - တစသ(၁၀)၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတည်ပြုချက်ရသည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရေးလေ့ကျင့်ရေးချုပ်ရုံး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နေပြည်တော်သို့ ဆင်ဖြူတော်ရတနာ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၉

ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များခြံရံလျက် မော်တော်ယာဉ်ဖြင့် ယနေ့ မွန်းလွဲ ၁ နာရီ ၄၄ မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်သို့ ရောက်ရှိလာသည်။

ဆင်ဖြူတော်ရတနာအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်တို့က အဘိနန္ဒနမင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ကြိုဆိုကြသည်။

အစာအာဟာရကျွေးမွေး

ထို့နောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော်အား အဖော်ဆင်များနှင့်အတူ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုရာ ပရိသတ်များက ဆင်ဖြူတော်ရတနာအား အစာအာဟာရများ ကျွေးမွေးကြသည်။

ယင်းနောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်အရပ်ရှိ ဆင်ဖြူတော်ရတနာဆောင်သို့ အဖော်ဆင်များနှင့် အတူ ရောက်ရှိရာ တာဝန်ရှိသူများက အနန္တရာယိက မင်္ဂလာ(အန္တရာယ်ကင်း မင်္ဂလာ)၊ ဂေဟပဝေသန မင်္ဂလာ(အိမ်တက်မင်္ဂလာ)၊ ဘတ္တဘုဉ္ဇန မင်္ဂလာ(အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿန မင်္ဂလာ (နေလပြမင်္ဂလာ)နှင့် နာမကရဏ မင်္ဂလာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆**

လှည့်လည်ဖူးမြော်ကြည်ညို

ဥပ္ပါတသန္တိစေတီတော်အား ဆင်ဖြူတော်ရတနာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)